# ကြေးမုံ
**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သောအဆိပ်ကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)


၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 11 June 2019 ၉၆၇၇




# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Saurabh Kumar အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

ကြေးမုံ

**ယနေ့ ဖတ်စရာ**


**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၂၃)ကြိမ်မြောက် စိန့်ပီတာစဘတ် စီးပွားရေးဖိုရမ်သို့ တက်ရောက်၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၅

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၈


# တောင်သမန်အင်း သဘာဝရှုခင်းများအား မြန်မာ့ရိုးရာ အလှဆင်ထားသည့်မြင်းလှည်းများဖြင့် စီးနင်းကြည့်ရှုနိုင်

**မန္တလေး ဇွန် ၁၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်သမန်အင်းအတွင်းရှိ သဘာဝ အရင်းအမြစ်များနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များအား မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ အလှဆင်ထားသည့်မြင်းလှည်းများစီး၍ ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

တောင်သမန်အင်းအတွင်းရှိ ဦးပိန်တံတားနှင့် သဘာဝအမွေအနှစ်ရှုခင်းများအား အင်းရေပြင်ပေါ်မှ ခံစားကြည့်ရှုနိုင်ရန် ငှက်လှေများ ငှားရမ်း၍ ပို့ဆောင်ပေးလျက်ရှိပြီး ယခုအခါ ထပ်မံ၍ ဦးပိန်တံတားနှင့် မယ်ဇယ်(မည်စည်)ပင် တန်းတစ်လျှောက်ရှိ သဘာဝရှုခင်းများအား အတွေ့အကြုံအသစ်များဖြင့် ခံစားကြည့်ရှုနိုင်စေရန် မြန်မာ့ရိုးရာ ကျေးလက်ယဉ်ကျေးမှုဓလေ့ မြင်းလှည်းများအား အလှဆင်ကာ ငှားရမ်းပို့ဆောင်ပေးနေကြောင်း အဆိုပါ မြင်းလှည်းငှားရမ်းသည့်အဖွဲ့မှ အဖွဲ့ခေါင်းဆောင် ကိုသူက ပြောသည်။


**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**





09 682 682 682
info@mtb-bank.com
www.mmtourismbank.com
MyanmaTourismBank

မြန်မာ့ခရီးသွားဘဏ်
MTB
မြန်မာ့ခရီးသွားဘဏ်
MYANMA TOURISM BANK
"သင့်အနာဂတ်ဖန်တီးဖို့ MTB နဲ့လက်တွဲစို့"

## ကြေးမုံ

# သဘာဝဘေးကို အလေးထားစီမံ

မြန်မာနိုင်ငံ၌ မုတ်သုံရာသီရောက်ပြီ ဖြစ်သည်။ မြန်မာနိုင်ငံအနှံ့တွင် မိုးလေမှန်ပြီး မိုးဖြိုင်ဖြိုင်ရွာနေသော်လည်း မိုးနည်းရေရှားဒေသများတွင် မိုးမရွာသွန်းသေးချေ။ အချို့ဒေသများတွင် လေပြင်းတိုက်ခတ်မှုနှင့် မိုးကြိုးပစ်မှုများရှိသော်လည်း မုန်တိုင်းဖြစ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီး၊ ရေလျှံဖြစ်ခြင်းတို့မဖြစ်သေး၍ လက်ရှိအခြေအနေအထိ သဘာဝဘေးနှင့်ပတ်သက်၍ စိတ်အေးသက်သာမှု ရှိနေပေသည်။

သို့သော် သဘာဝဘေးသည် အချိန်အခါမရွေး ရောက်လာနိုင်သည် ဖြစ်၍ သဘာဝဘေးစီမံခန့်ခွဲရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ပိုမိုများပြားလာသည်။ သဘာဝဘေးကို ထူးထူးခြားခြား ကြုံတွေ့ရခြင်း မဟုတ်ဘဲ နှစ်စဉ်နှစ်တိုင်း တစ်မျိုးမဟုတ်တစ်မျိုး ပုံမှန်ကြုံတွေ့လာရသည်။

မြန်မာနိုင်ငံတွင် ပုံမှန်အတိုင်းဖြစ်ပေါ်လေ့ရှိသည့် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီကို သူ့အချိန်နှင့်သူ ပီပီပြင်ပြင် မခံစားရတော့ဘဲ မိုးမပီ၊ ဆောင်းမကျ၊ နွေအပူလွန်ကဲခြင်းတို့ကို လူတို့ထူးကဲစွာ ခံစားလာကြရသည်။ မုတ်သုံကာလမှာ တိုတောင်းလာပြီး မိုးရွာသွန်းမှုပုံစံပြောင်းလဲကာ မရွာချင်လျှင်လည်းမရွာ၊ ရွာပြန်လျှင်လည်းမစဲနှင့် ရေကြီးရေလျှံဖြစ်မှုများ ကြုံတွေ့လာရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၂/ ၂၀၁၉)အစည်းအဝေးတွင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက သဘာဝဘေးစီမံခန့်ခွဲသူများအနေဖြင့် ဘေးအန္တရာယ်များ၏ ပြုပြင်ပြောင်းလဲလာသော သဘောသဘာဝများကို မျက်ခြည်မပြတ်လေ့လာသိရှိနေရန်၊ အစဉ်အမြဲ နိုးနိုးကြားကြားရှိနေရန်၊ ရင်ဆိုင်တုံ့ပြန်နိုင်ရေး အဆင်သင့်ဖြစ်နေရန်၊ အရေးပေါ်တုံ့ပြန်မှု လုပ်ငန်းအစီအစဉ်များအပြင် ရေရှည်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် လိုအပ်ပါကြောင်း အသိပေးပြောကြားခဲ့သည်။

သဘာဝဘေးဖြစ်လာပါက မလွဲမသွေရင်ဆိုင်ကြရမည်ဖြစ်သော်လည်း ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှု လျော့နည်းသက်သာမည်ဖြစ်သည်။ သာဓကအားဖြင့် ၂၀၁၉ ခုနှစ် မေလ ၂ ရက်နေ့က အိန္ဒိယနိုင်ငံ သြရိဿပြည်နယ် ပူရီမြို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဖန်နီသည် အလွန်အားကောင်းပြီး ပြင်းထန်ကြီးမားသည့် မုန်တိုင်းကြီးဖြစ်သော်လည်း ယင်းပြည်နယ်တွင် သေဆုံးသူ ၆၄ ဦးသာရှိခြင်းသည် သဘာဝဘေးကို တုံ့ပြန်နိုင်ရန် ကြိုတင်ပြင်ဆင်မှုကောင်းခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်သည်။

ထိုကာလနှင့်တစ်ထပ်တည်း မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့က တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် လူ့အသက်ပေါင်း တစ်သိန်းကျော် သေဆုံးခဲ့ရခြင်းသည် ကြိုတင်ပြင်ဆင်မှု အားနည်းခဲ့သဖြင့် သင်ခန်းစာယူဖွယ်ဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ သဘာဝဘေးအမျိုးမျိုးကိုကြုံတွေ့ခဲ့ရရာ သဘာဝဘေးစီမံခန့်ခွဲရေး ကောင်းမွန်မှု၊ လူအများအတွေ့အကြုံရှိမှုနှင့် တက်ကြွစွာကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှုများကြောင့် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးမှု လျော့ပါးသက်သာအောင် ဆောင်ရွက်လာနိုင်ပြီဖြစ်သည်။

သဘာဝဘေးကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် သဘာဝဘေးစီမံခန့်ခွဲသူများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုများမှာ အခြေအနေကောင်းများရရှိနေသော်လည်း ရေရှည်အားဖြင့် သဘာဝဘေးဒဏ်ကို လျော့နည်းစွာကြုံတွေ့နိုင်ရန် မိမိတို့၏ သဘာဝပတ်ဝန်းကျင်များ မပျက်စီးရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုမိုးရာသီကာလတွင် ကြုံတွေ့နိုင်သော သဘာဝဘေးအန္တရာယ်များသာမက ရာသီမရွေးကြုံတွေ့နိုင်သော သဘာဝဘေးအမျိုးမျိုးတို့ဒဏ်မှ လျော့ပါးသက်သာနိုင်ရေးအတွက် သဘာဝဘေးစီမံဆောင်ရွက်မှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## တရားမအထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု သုံးမှုနှင့် တရားမအထူးအယူခံမှု သုံးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထူးအယူခံမှု သုံးမှုနှင့် တရားမအထူးအယူခံမှု သုံးမှုကို ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၀**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Saurabh Kumar အား ယနေ့ နံနက် ၁၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့ဖြင့် နှစ်အလိုက် တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ချင်းပြည်နယ်နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လမ်းပန်းဆက်သွယ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်း၊ တံတားကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများတွင် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာကိစ္စ၊ အိန္ဒိယနိုင်ငံအစိုးရ၏ Indian Technical and Economic Cooperation (ITEC) အစီအစဉ်အရ ဖွင့်လှစ်ခဲ့သော ပညာသင်ဆုများဖြစ်သည့် အင်္ဂလိပ်စာကျွမ်းကျင်မှုနှင့် ဘာသာရပ်ဆိုင်ရာ သင်တန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများအား ရွေးချယ်လေ့ကျင့်ပေးခဲ့မှု၏ အကျိုးရလဒ်များ၊ အိန္ဒိယနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ကဏ္ဍအသီးသီး၌ လိုအပ်ချက်ရှိသည်များ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**နားလည်မှုစာချွန်လွှာ**

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး စီမံကိန်းအရ နှစ်နိုင်ငံ နယ်နိမိတ်ထိစပ်နေသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာကို ၂၀၁၂ ခုနှစ် မေ ၂၈ ရက်တွင် ရေးထိုးခဲ့ပြီး နှစ်အလိုက် တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ငါးကြိမ်အတွက် အမေရိကန်ဒေါ်လာ ၂၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အကြို ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲကျင်းပ

**ကျောက်ဖြူ ဇွန် ၁၀**

(၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကလေးငယ်များ၊ ကျောင်းသား ကျောင်းသူများ ကာယ၊ ဉာဏ စွမ်းရည်မြင့်မားလာစေရန်၊ ဉာဏ်ရည်ထက်မြက်လာစေရန်၊ နှုတ်ပြောစွမ်းရည်မြင့်မားစေရန်နှင့် ရဲဝံ့စွာပြောဆိုတတ်စေရန်ရည်ရွယ်ကာ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် G–3 အဆင့် ကဗျာရွတ်ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ G–3 အဆင့်ပုံပြင်ပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ကြရာ ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်ယုယုနွယ်က ရှင်းလင်းပြောကြားခဲ့ပြီး ဆုရရှိသူများအား ဦးစီးအရာရှိ ဒေါ်ခင်ယုယုနွယ်၊ ပညာရေးဌာန ဦးစီးအရာရှိ ဒေါ်အုန်းရွှေ၊ မိုး/ဇလဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန္တာထွန်း၊ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းနိုင်၊ ပညာရေးဌာနမှ ဆရာမ ဒေါ်သိန်းသိန်းတို့က ဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၀**

ရန်ကုန်(ရွှေဈေး) ၁၀၆၇၀၀၀ - ၁၀၆၇၀၀၀ မန္တလေး(ရွှေဈေး) ၁၀၆၇၀၀၀ - ၁၀၆၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၅/၉၄၀ ကျပ် | ၉၄၅/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၉၂၀ ကျပ် | ၉၄၀/၉၈၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၅၀ ကျပ် | ၈၇၅/၉၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၅/၉၅၀ ကျပ် | ၉၆၀/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၄၇/၇၅၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၇.၄ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၂၅.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၀.၂၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၆၈၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၈၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၆၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၄၀၆.၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၆၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၄.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၇.၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၈ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ ရွေးကောက်ပွဲအစီအစဉ်ရေးဆွဲရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၁၀**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံ ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်း၍ ရွေးကောက်ပွဲအစီအစဉ်ရေးဆွဲရေးဆိုင်ရာ ( Electoral Planning ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

**(၅)ကြိမ်မြောက် သင်တန်းဖြစ်**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့ဖွင့်လှစ်သည့် သင်တန်းမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အိန္ဒိယနိုင်ငံရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းဖွင့်လှစ်သောကော်မရှင်ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် (၅)ကြိမ်မြောက် သင်တန်းဖြစ်ပါကြောင်း၊ ယခင်သင်တန်း လေးကြိမ်ကို အိန္ဒိယနိုင်ငံတွင် နှစ်ကြိမ်နှင့် မြန်မာနိုင်ငံတွင် နှစ်ကြိမ် ပို့ချခဲ့ကြောင်း၊ သင်တန်းသားအရေအတွက်အားဖြင့် ၁၀၀ ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲစက်ဝန်းအရ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲနှောင်းပိုင်းကာလများတွင် ဆောင်ရွက်ရမည့်အစီအစဉ်များကို စနစ်တကျဆောင်ရွက်နိုင်ရန် ရွေးကောက်ပွဲအစီအစဉ် ရေးဆွဲရေးဆိုင်ရာသင်တန်းအား ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အစီအစဉ်တကျ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းရေးဆွဲခြင်းနည်းလမ်းများဖြစ်၍ အလွန်အရေးကြီးပါကြောင်း၊ သင်တန်းသားများအနေဖြင့် အလေးအနက်ထား သင်ယူလေ့လာကြစေလိုကြောင်း၊ အိန္ဒိယနိုင်ငံ၏ စီမံကိန်းရေးဆွဲခြင်းနည်းလမ်းများမှ အားသာချက်များကို လေ့လာ၍ မိမိတို့ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပေါင်းစပ်အသုံးချနိုင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

**တွေ့ကြုံရမည့်အခက်အခဲများကို ရှာဖွေဖော်ထုတ်**

ယင်းနောက် Dr. Noor Mohammad က ရွေးကောက်ပွဲအစီအစဉ်ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းစဉ်သည် အရေးကြီးပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ တွေ့ကြုံရမည့်အခက်အခဲများကို ရှာဖွေဖော်ထုတ်ပြီး မြန်မာနိုင်ငံနှင့် ဆီလျော်သည့် အစီအစဉ်များ ရေးဆွဲနိုင်ရန်လိုကြောင်း၊ အိန္ဒိယရွေးကောက်ပွဲကော်မရှင်အနေဖြင့် နည်းပညာအသုံးပြုမှုသင်တန်းများကိုလည်း ဆက်လက်ပို့ချမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ India International Institute of Democracy and Election Management (IIIDEM) သင်တန်းကျောင်းမှ Senior Consultant, Dr. Noor Mohammad နှင့် နည်းပြဆရာများ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးလုပ်ငန်းများအကြား လွတ်လပ်မျှတစွာ ယှဉ်ပြိုင်နိုင်ရေးသည် စီးပွားရေးလုပ်ငန်းများအတွက် လွန်စွာအရေးကြီးကြောင်း မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ ပြောကြား




**နေပြည်တော် ဇွန် ၁၀**
စီးပွားရေး လုပ်ငန်းများအကြား လွတ်လပ်မျှတစွာ ယှဉ်ပြိုင်နိုင်ရေးသည် စီးပွားရေးလုပ်ငန်းများအတွက် လွန်စွာအရေးကြီးကြောင်း၊ လွတ်လပ်မျှတသည့် ယှဉ်ပြိုင်မှုပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ပြောကြားသည်။

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင် မိတ်ဆက်ပွဲအခမ်းအနားကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်ဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည် များစွာအရေးပါပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယှဉ်ပြိုင်မှုဥပဒေကို လေးစားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ တရားမျှတမှုနှင့် ယှဉ်ပြိုင်မှုကို အဟန့်အတားဖြစ်စေနိုင်သည့် အခြေအနေမျိုးမဖြစ်အောင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်က ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ကို ပြည်သူလူထုက ယုံကြည် အားကိုးနိုင်သည့်၊ တောင့်တင်းခိုင်မာသည့်၊ စွမ်းဆောင်ရည်မြင့်သည့် ကော်မရှင်မျိုးဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ချမှတ်ထားသည့် ဥပဒေများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဥပဒေဖောက်ဖျက်မှုများကို ဖော်ထုတ်အရေးယူသွားမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က ပြောကြားသည်။

**မိတ်ဆက်ရှင်းလင်း**

ထို့နောက် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် အတွင်းရေးမှူး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်ဖွဲ့စည်းမှုနှင့် ကော်မရှင်အဖွဲ့ဝင်တစ်ဦးချင်းစီ၏ ကိုယ်ရေးအကျဉ်းကို မိတ်ဆက်ပေးပြီး ကော်မရှင်အဖွဲ့ဝင်များက "စီးပွားရေးလုပ်ငန်းနှင့် ယှဉ်ပြိုင်မှုဥပဒေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း မိတ်ဆက်ရှင်းလင်းကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက မေးမြန်းသည့် ယှဉ်ပြိုင်မှုဥပဒေပါ အကြောင်းအရာများ၊ လုပ်ထုံးလုပ်နည်းများကို ကော်မရှင်အဖွဲ့ဝင်များက ပြန်လည်ဖြေကြားကြသည်။

**မျှမျှတတ လုပ်ကိုင်ဆောင်ရွက်**

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ကိုယ်တိုင် မျှမျှတတလုပ်ကိုင်ဆောင်ရွက်တတ်ရန်၊ စီးပွားရေးအရ အနိုင်ကျင့်ခံရသည့် အခြေအနေတွင် မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်နိုင်သည်၊ ယှဉ်ပြိုင်မှုကော်မရှင်နှင့် မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်ရမည်၊ အကြံဉာဏ်များရယူနိုင်သည်ကို ပိုမိုသိရှိနိုင်ရန်ရည်ရွယ်၍ ကော်မရှင်မိတ်ဆက်ပွဲအခမ်းအနားကို ကျင်းပခြင်းဖြစ်သည်။

**ခိုင်မာအားကောင်း**

ကော်မရှင်အနေဖြင့် ကော်မရှင်အဖွဲ့ဝင်များအပါအဝင် ယှဉ်ပြိုင်မှုကော်မရှင်ရုံးမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အများပြည်သူအတွက် ယှဉ်ပြိုင်မှုဆိုင်ရာ အသိပညာပေးခြင်း၊ တိုင်ကြားမှုများ လက်ခံဆောင်ရွက်ခြင်း၊ ဥပဒေ အကောင်အထည်ဖော်မှု ခိုင်မာအားကောင်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်း၊ လိုအပ်သည့် အမိန့်ကြော်ငြာစာများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများ ပြင်ဆင်ထုတ်ပြန်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ကျင်းပသည့် အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာန အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမေရိကန် ငြိမ်းချမ်းရေးအင်စတီကျုအဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျု (United States Institute of Peace- USIP) ၏ Bio Data of Election Security Assessment Team Leader , Ms. Lyndal Barry နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိပြီး အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီနှင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သတင်းအမှားများ၊ အမုန်းစကားများ ဖြန့်ဝေခြင်းတို့ကို တားဆီးနိုင်ရေး စီစဉ်ထားရှိမှု၊ ရွေးကောက်ပွဲလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် Marga Group မှ ကျင်းပသော The Central ၏ လူနေအိမ်ခန်းတာဝါအမှတ် (၁) အပေါ်ဆုံးထပ် ကွန်ကရစ်ခင်းပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

**ရန်ကုန် ဇွန် ၁၀**

Marga Group မှ ကျင်းပသော The Central ၏ လူနေအိမ်ခန်းတာဝါ အမှတ်(၁) အပေါ်ဆုံးထပ် ကွန်ကရစ်ခင်းပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ အမှတ် (၇)၊ (၈) The Central အရောင်းပြခန်း၌ ကျင်းပသည်။

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ Marga Central မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ Marga Central မှ ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆောက်လုပ်ရေးဝန်ကြီးဌာနအား ကိုယ်စားပြု၍ Dr. Stephen Suen နှင့်အဖွဲ့သားများ အားထုတ်ကြိုးပမ်းမှုဖြင့် ယနေ့မှတ်တိုင်သစ် စိုက်ထူနိုင်ခြင်းကို အထူးဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြိုဆိုပါကြောင်း၊ Marga Group အနေဖြင့် မြန်မာနိုင်ငံကို စတင်လာရောက်လုပ်ကိုင်ခဲ့သည့် ကနဦး ကာလတွင် အခက်အခဲပေါင်းများစွာ တွေ့ကြုံရင်ဆိုင်ခဲ့ရသော်လည်း စိတ်အားထက်သန်စွာ ကြိုးစားဆောင်ရွက်ခဲ့မှု၏ ရလဒ်ကောင်းကျိုးများ ပေါ်ထွက်လာပြီဖြစ်ပါကြောင်း။




The Central ဟု အမည်ပေးထားသည့် Project မှာ ဆောက်လုပ်ရေးကဏ္ဍတွင် Construction Industry ကိုတိုးတက်စေရန် အထောက်အကူပြုမည်ဖြစ်သည့်အပြင် ရန်ကုန်မြို့၏ Land Mark တစ်ခုလည်း ဖြစ်ပေါ်လာမည်ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားမှာ The Central Project ၏ ပထမဆုံး Residential Tower အဆောက်အအုံ၏ အပေါ်ဆုံးထပ် ကွန်ကရစ်ခင်း Topping လောင်းခြင်း လုပ်ငန်းပြီးစီးမှုအထိမ်းအမှတ် အခမ်းအနားဖြစ်ပါကြောင်း၊ မြန်မာဆောက်လုပ်ရေးလုပ်သားများအတွက် နိုင်ငံတကာအဆင့်အတန်းမီအောင် လေ့ကျင့်ဆောင်ရွက်နိုင်ခွင့် အခွင့်အလမ်းကောင်းများလည်း ရရှိကြမည်ဖြစ်ပါကြောင်း၊ ထို့အပြင် Marga Group အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအား တာဝန်ခံပြီး စီးပွားရေးရာ အောင်မြင်မှုရရှိရေးသာမက မြန်မာနိုင်ငံ အတွက် အကျိုးဖြစ်ထွန်းမှုသုံးရပ်ကိုပါ ဆောင်ကြဉ်းပေးနိုင်မည်ဟု ယုံကြည်ထားပါကြောင်း။

ထိုစီမံကိန်းမှ အလုပ်အကိုင် ၁၀၀၀ ကျော်ဖန်တီးပေးနိုင်မည်ဖြစ်သလို Marga Group အနေဖြင့် အမြတ်အစွန်းရငွေ၏ နှစ်ရာခိုင်နှုန်းကို Corporate Social Responsibility (CSR) အနေဖြင့် ဒေသခံပြည်သူများအတွက် လှူဒါန်းသုံးစွဲပေးသွားရန် ကတိပြုထားခြင်းဖြစ်ပါကြောင်း၊ စီမံကိန်းသဘောတူစာချုပ်တွင် သတ်မှတ်ထားသည့် အချိန်ဇယားအတိုင်း ၊ စည်းကမ်းချက်များအတိုင်း လိုက်နာပြီး ပြီးစီးအောင် ဆောင်ရွက်သွားမည်ဆိုသည့်အချက် ဖြစ်ပါကြောင်း။

ရှေ့အနာဂတ်ခရီးမှာ တာရှည်ခိုင်မြဲစွာ လက်တွဲပူးပေါင်းပြီး စီမံကိန်းလုပ်ငန်းများ ချောချောမွေ့မွေ့ပြီးမြောက်စေရေး ဆောင်ရွက်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး နည်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ၊ CQHP မှ ဥက္ကဋ္ဌ ဦးခင်မောင်တင့်၊ MIC မှ အတွင်းရေးမှူး ဦးသန့်စင်လွင် ၊ YCDC မှ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ Marga Group ဥက္ကဋ္ဌ Dr. Stephen Suen နှင့် တာဝန်ရှိသူများက The Central ၏ လူနေအိမ်ခန်းတာဝါအမှတ် (၁) အပေါ်ဆုံးထပ် ကွန်ကရစ်ခင်း ပြီးစီးခြင်း အထိမ်းအမှတ်အတွက် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

The Central Mix – Used Development စီမံကိန်းသည် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်ရှိ ဧရိယာ ၈ ဒသမ ၇ ဧက ကျယ်ဝန်းသောမြေပေါ်တွင် တည်ဆောက်ထားပြီး ပထမအဆင့်အနေဖြင့် လူနေအိမ်ခန်းတာဝါ အမှတ်(၁) အပေါ်ဆုံးထပ် ကွန်ကရစ်ခင်းပြီးစီး၍ ယနေ့အထိမ်းအမှတ်မှတ်တိုင်စိုက်ထူခြင်းဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းအမျိုးအစားအနေဖြင့် Real Estate Development ဖြစ်ပြီး Hotel၊ Office၊ Residence၊ Shopping Complex တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်တွင်းလေထုညစ်ညမ်းမှု

## (Indoor Air Pollution)

အိမ်တွင်းလေထုညစ်ညမ်းမှုကြောင့် အောက်ပါနောက်ဆက်တွဲပြဿနာများ ဖြစ်ပွားစေပါသည်။

**-လတ်တလောတွင်-** မျက်လုံး၊ နှာခေါင်းနှင့် လည်ချောင်းများယားယံခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အသက်ရှူလမ်းကြောင်း ရောဂါပိုးဝင်ခြင်း

**-ကာလကြာရှည်စွာထိတွေ့ပါက-**

(၁) ပန်းနာရင်ကျပ်ရောဂါ

(၂) နာတာရှည်အဆုတ်ပွရောဂါ

(၃) နှလုံးသွေးကြောရောဂါများကို ပိုမိုဆိုးရွားစေပြီး နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာတို့ဖြစ်ပွားကာ အရွယ်မတိုင်မီသေဆုံးခြင်းအထိ ဖြစ်နိုင်ပါသည်။

အထူးသဖြင့်အိမ်တွင်းရှိအမျိုးသမီးများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများတွင် ပိုမိုအန္တရာယ်ရှိပါသည်။

**အိမ်တွင်းလေထုညစ်ညမ်းမှုကို မိသားစုအတွင်း ကြိုတင်ကာကွယ်နိုင်ပါသည်။**

**ရှောင်ရန်**

- အိမ်တွင်းဆေးလိပ်သောက်ခြင်းကို လုံးဝရှောင်ကြဉ်ပါ။
- အိမ်တွင်းမီးစက်မောင်းခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိခြင်းနှင့် ခြင်ဆေးခွေထွန်းခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- အန္တရာယ်ကင်းအောင်ပြုပြင်ထားခြင်းမရှိသော မီးသွေး၊ ထင်းလောင်စာများကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

**ဆောင်ရန်**

- မီးဖိုဆောင် လေဝင်လေထွက် ကောင်းမွန်အောင်ထားရှိခြင်း၊ ပြတင်းပေါက်ဖွင့်ခြင်း(သို့မဟုတ်)လေစုပ်ပန်ကာများတပ်ဆင်ခြင်း
- အိမ်တွင်း၊ ရုံးတွင်းသန့်ရှင်းရေးလုပ်ရာတွင် တံမြက်စည်းအစား စိုစွတ်သော ကြမ်းတိုက်တံကို အသုံးပြုခြင်းတို့ဖြင့် အိမ်တွင်းလေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၂၃)ကြိမ်မြောက် စိန့်ပီတာစဘတ် စီးပွားရေးဖိုရမ်သို့ တက်ရောက်၊ ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့သည် (၂၃)ကြိမ်မြောက် စိန့်ပီတာစဘတ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ဇွန် ၄ ရက်တွင် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသည်။

**ဆွေးနွေးဖြေကြားမှုများပြုလုပ်**

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်၍ ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မြန်မာသံရုံး၊ မော်စကိုမြို့မှ သံအမတ်ကြီး ဦးကိုကိုရှိန်တို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ဇွန် ၆ ရက်မှ ၈ ရက်အထိ ကျင်းပသည့် (၂၃)ကြိမ်မြောက် စိန့်ပီတာစဘတ် စီးပွားရေးဖိုရမ်သို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက် မွန်းလွဲ ၂ နာရီတွင်(၂၃)ကြိမ်မြောက် စိန့်ပီတာစဘတ် စီးပွားရေးဖိုရမ်၏ "Plenary Session" သို့ ပါဝင်တက်ရောက်ကြသည်။

Plenary Session တွင် ရုရှားသမ္မတ Mr. Vladimir Putin၊ တရုတ်သမ္မတ Mr. Xi Jinping၊ ဘူဂေးရီးယားသမ္မတ Mr. Rumen Radev၊ အာမေနီးယန်းဝန်ကြီးချုပ် Mr. Nikol Pushinyan၊ ဆလိုဗက်ကီးယားဝန်ကြီးချုပ် Mr. Peter Pellegrini နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Mr. Antonia Guterres တို့က မိန့်ခွန်းပြောကြားကြသည်။ မိန့်ခွန်းပြောကြားပြီးနောက် အမေး၊ အဖြေ ဆွေးနွေးပွဲကို နှစ်နာရီကြာမျှ ဆွေးနွေးဖြေကြားမှုများ ပြုလုပ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ညနေ ၄ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Sergey Lavrov အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာ-ရုရှားစီးပွားရေးတိုးမြှင့်ရေးနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံ-ရုရှား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**အပြည့်အဝပူးပေါင်းဆောင်ရွက်မှုမရှိ**

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်ပြီး အစိုးရသစ်တာဝန်ယူပြီးချိန်မှစ၍ ရခိုင်အရေးကိစ္စကို ဖြေရှင်းရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်းဖြစ်သူ မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်အကြံပေးကော်မရှင်တို့ကို ဖွဲ့စည်းထူထောင်ခဲ့ပါကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုများသည် အစိုးရ၏ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် စည်ပင်ဖွံ့ဖြိုးရေးဆောင်ရွက်မှုများကို သွေဖည်စေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လူဦးရေအဆမတန်များပြားလှသော ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့သည် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိရာ တရားမဝင်ရွှေ့ပြောင်းသွားလာမှုသည် ရှေးယခင်ကတည်းက ရှိခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအကြား နေရပ်စွန့်ခွာသူများ ပြဿနာသည် ယခုမှ မဟုတ်ဘဲ ယခင်ကလည်း နှစ်ကြိမ် ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါနှစ်ကြိမ်တွင် ပြဿနာကို နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှုဖြင့် ကျေနပ်စွာ ဖြေရှင်းခဲ့ကြကြောင်း၊ ယခုပြဿနာတွင်လည်း လက်ရှိနှစ်နိုင်ငံသဘောတူညီချက်အတိုင်း မြန်မာနိုင်ငံဘက်မှ အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း တစ်ဖက်နိုင်ငံအနေဖြင့် အပြည့်အဝပူးပေါင်းဆောင်ရွက်မှုမရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Sergey Lavrov တို့ တွေ့ဆုံနှုတ်ဆက်စဉ်။

**ကနဦးလေ့လာဆန်းစစ်ချက်စာတမ်းကို ထုတ်ပြန်ခဲ့**

မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်အပါအဝင် အိမ်နီးချင်းနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်သွားရန် ဆန္ဒရှိပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စတွင် အာဆီယံနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံက ဆောင်ရွက်ထားရှိမှုများ၊ ပြင်ဆင်မှုများနှင့်ပတ်သက်၍ အာဆီယံ AHA Centre မှ စနစ်တကျ အချက်အလက်ကောက်ခံပြီး ကနဦးလေ့လာဆန်းစစ်ချက်စာတမ်းကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ ဆန်းစစ်ချက်သည် မြန်မာနိုင်ငံ၏ ဆောင်ရွက်ထားရှိမှုများအပေါ် သက်သေခံနိုင်ပါကြောင်း၊ ယခုအချိန်အထိ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ပြန်လည်ရောက်ရှိလာသည့် နေရပ်စွန့်ခွာသူများ မရှိသေးပါကြောင်း ဆွေးနွေးပြောကြားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Sergey Lavrov က ရခိုင်ကိစ္စဖြေရှင်းရန်အတွက် မြန်မာနိုင်ငံမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ဘင်္ဂလားဒေ့ရှ်နှင့် နှစ်နိုင်ငံသဘောတူညီချက်ချုပ်ဆိုမှု၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရန်ကိစ္စတွင် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်နေမှုနှင့် UNDP၊ UNHCR တို့နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရ၍ ဝမ်းမြောက်ပါကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းတည်ထောင်မှုကို တန်ဖိုးထားပါကြောင်းဖြင့် ပြောကြားသည်။

**တက်ရောက်**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရန်ကိစ္စကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတကာအနေဖြင့်လည်း နှစ်နိုင်ငံအကြား စီစဉ်ထားရှိမှုများ အောင်မြင်ရန်အတွက် ပံ့ပိုးပေးသင့်သည်ဟုလည်း ခံယူကြောင်းဖြင့် ပြောကြားပြီး နိုင်ငံတကာမျက်နှာစာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအနေဖြင့် အလေးထားသည့်ကိစ္စရပ်များတွင် မြန်မာနိုင်ငံအပေါ် ရပ်တည်မဲပေးမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထိုသို့ တွေ့ဆုံစဉ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးဆက်အောင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကိုကိုရှိန်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

»»› မြန်မာနိုင်ငံမှ

လျှောက်လွှာများကို နေ့စဉ်နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဝယ်ယူနိုင်ကြောင်း သိရသည်။ မွန်းလွဲ ၂ နာရီကျော်လျှင် လျှောက်လွှာအရောင်းပိတ်မည်ဖြစ်ပြီး ညနေရုံးချိန်အထိ အမှတ်စာရင်းများကို ထုတ်ပေးသွားမည်ဖြစ်သည်။ ကျောင်းသားမိဘ၊ ကျောင်းသားကိုယ်တိုင်၊ ကိုယ်စားလှယ်များ မည်သူမဆို အချက်အလက်မှန်ကန်စွာဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

အလားတူ နေပြည်တော် ရုံးအမှတ်(၅၂)တွင်လည်း တက္ကသိုလ်ဝင်တန်းအမှတ်စာရင်းများကို ရုံးချိန်အတွင်း ထုတ်ပေးနေကြောင်း သိရသည်။ ထပ်မံ၍ အထက်မြန်မာပြည်အတွက် မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ရှမ်း(မြောက်)၊ ရှမ်း(တောင်)၊ လားရှိုး၊ မြစ်ကြီးနားနှင့် အခြားမြို့များ၊ အောက်မြန်မာပြည်အနေဖြင့် ဧရာဝတီ၊ ပဲခူး(အရှေ့)၊ ပဲခူး(အနောက်)၊ ကရင်၊ မွန်၊ တနင်္သာရီ၊ ရခိုင်၊ စစ်တွေနှင့် အခြားမြို့ကြီးများရှိ အခြေခံပညာကျောင်းများတွင် အမှတ်စာရင်းများ ထုတ်ပေးနိုင်ရေးအတွက် မိုဘိုင်း တက္ကသိုလ်ဝင်တန်း အမှတ်စာရင်းထုတ်ပေးရေးအဖွဲ့များဖွဲ့စည်းကာ စေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ အချို့သောမြို့များသို့ မိုဘိုင်းအဖွဲ့များ စေလွှတ်လိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

---

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဇွန် ၁၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **“အမျိုးသမီးများ အကြမ်းဖက်မှုမှကာကွယ်ရေး အားလုံးကူညီစောင့်ရှောက်ပေး”** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို အမျိုးသမီးအခွင့်အရေးနှင့် အမျိုးသမီးများအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးတို့နှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲတွင် မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

( ခ ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

( ဂ ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသော ခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား-၁၄ (Font Size 14)၊ စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ပေါင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1" ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

( င ) ဆုရွေးချယ်ခံရခြင်းမရှိသော ဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(စ) ပြိုင်ပွဲဝင်ဆောင်းပါးအား ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များ ပါဝင်သော ဆုများစိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆု (၂) ဆု စုစုပေါင်း (၅) ဆု ချီးမြှင့်မည်ဖြစ်ပြီး ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို (Hard/Soft-copy) တစ်စုံစီ၊ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုချက်၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ ၃ ပုံ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၄၂၅၀၊ ၀၆၇-၄၀၄၂၅၁၊ အီးမေးလ် dswwdd2018@gmail.com သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်(ကြာသပတေးနေ့) ညနေ (၄)နာရီနောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (သတ်မှတ်ရက်ကျော်လွန်ပြီး စည်းကမ်းချက်များနှင့်မပြည့်စုံသော ဆောင်းပါးများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ)

ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် နေပြည်တော်၊ MICC-2 ၌ ကျင်းပပြုလုပ်မည့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး အထူးဆုရရှိသူများအား သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ လူမှုဝန်ထမ်းရုံးများမှတစ်ဆင့် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်။

**ကြေးမုံ**

# မိမိ၏လုပ်ပိုင်ခွင့်လေးနှင့် စတင်ခြင်း

## ဒေါက်တာအေးအေးဝင်း (Statistics)

"တစ်ခါက ရောဝတီညများ" ရုပ်ရှင်ဇာတ်ကားမှာ မြန်မာနိုင်ငံရဲ့တော်လှန်ရေးခေတ်ကို ရင်ဆိုင်ဖြတ်သန်းကြီးပြင်းလာခဲ့ရတဲ့ ဖခင်က သားဖြစ်သူကို ပြောလိုက်တဲ့ စကားအကြောင်းအရာလေးတစ်ခုက အမှတ်တရ စွဲထင်ကျန်ခဲ့စေပါတယ်။ ဖခင်ဖြစ်သူက သားကို ဆုံးမစကားဆိုဖို့ အစပျိုးလိုက်တဲ့ စကားလေးက "ဖေဖေတို့ ခေတ်တုန်းက ကိုယ့်နိုင်ငံအတွက် ငါတို့ ဘာလုပ်ပေးရမလဲဆိုတာ အမြဲစဉ်းစားကြပြီး သားတို့ခေတ်မှာတော့ ငါတို့ကို နိုင်ငံတော်က ဘာလုပ်ပေးမှာပါလိမ့်လို့ မျှော်လင့်ကြတဲ့သူတွေက များတယ်"လို့ ဆိုပါတယ်။ (ဇာတ်ကားထဲမှာ ပြောလိုတဲ့ စကားအဓိပ္ပာယ်ဆိုလိုရင်းက တူညီမှာဖြစ်ပြီး၊ စကားလုံး စာသားအသုံးအနှုန်း အနည်းငယ်လွဲမှားနိုင်မှာဖြစ်တယ်လို့ ဝန်ခံပါတယ်)

### လုပ်ပေးနိုင်တဲ့ ကိစ္စတွေ

ယခုခေတ် အခြေအနေမှာ အမှန်ပင် ဒီလိုတွေးခေါ် မျှော်လင့်သူများ များစွာရှိနေတယ်ဆိုရင်တော့ နိုင်ငံအတွက် အလွန်ပင် ရင်လေးစရာဖြစ်လိမ့်မယ်လို့ ထင်ပါတယ်။ "ကိုယ်ဘာလုပ်ပေးနိုင်မလဲဆိုတာ လုပ်ပိုင်ခွင့်ရှိမှ၊ လုပ်ခွင့်ရမှ လုပ်လို့ရမှာပေါ့" လို့ ဆင်ခြေတက်စရာ ရှိကောင်းရှိနိုင်ပါလိမ့်မယ်။ ဒါပေမယ့် အခုဆိုလိုချင်တဲ့ လုပ်ပိုင်ခွင့်ဆိုတာကတော့ ရာထူးတာဝန်တွေနဲ့ တိုင်းတာစဉ်းစားခြင်းမျိုးမဟုတ်ဘဲ ကိုယ့်ဆီမှာရှိတဲ့ လုပ်ပိုင်ခွင့်လေးကို အသုံးပြုပြီး ကိုယ့်ပတ်ဝန်းကျင်နဲ့ တိုင်းပြည်အတွက် လုပ်ပေးနိုင်တဲ့ ကိစ္စတွေ များစွာရှိကြောင်း တင်ပြလိုပါတယ်။

### အလေ့အကျင့်ကောင်းလေးတစ်ခု

ဥပမာအားဖြင့် သန့်ရှင်းသပ်ရပ်တဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်ဖို့ ကိုယ်တိုင်ပါဝင်ချင်တယ်ဆိုရင် အဲဒီလုပ်ပိုင်ခွင့်က ကိုယ့်လက်ထဲမှာ အပြည့်အဝ ရှိနေပါတယ်။ အရင်ဆုံးအနေနဲ့ ကိုယ့်ပတ်ဝန်းကျင်ကို ကိုယ့်ကြောင့် အမှိုက်မရှုပ်၊ အမှိုက်မပွစေရအောင် တာဝန်ယူကြည့်ပြီး ကိုယ့်လုပ်ပိုင်ခွင့်လေးကို အသုံးချနိုင်ပါတယ်။ တာဝန်ယူလိုစိတ်အားနည်းသူ အချို့က ပြောကြတာလည်း ကြားဖူးပါတယ်။ "အမှိုက်တော့ မပစ်ရလို့ ပြောထားပြီး အမှိုက်ပုံးမှ ထားမပေးထားတာ"တဲ့။ ဒါကလည်း သူတို့ရဲ့အကောင်းမြင်စိတ် အားနည်းတဲ့သဘောကို ဖော်ပြပြီး တာဝန်ယူလိုစိတ်မရှိတာ ထင်ရှားသိသာလှပါတယ်။ အမှိုက်ပုံးဆိုတာကလည်း ခြေတစ်လှမ်း လှမ်းလိုက်တိုင်းမှာ အမှိုက်တစ်ပုံးထားပေးဖို့ မဖြစ်နိုင်တဲ့ကိစ္စပါ။ အဲဒီလိုသာ ထားပေးလိုက်ရင် ပြန့်ကျဲနေတဲ့ အမှိုက်မရှိပေမယ့် လမ်းပေါ်မှာ (သို့မဟုတ်) ပတ်ဝန်းကျင်တစ်ခုလုံးမှာ အမှိုက်ပုံးတွေနဲ့ ပြည့်သွားနိုင်မှာဖြစ်ပါတယ်။ သင့်တော်တဲ့ အတိုင်းအတာ အကွာအဝေးတိုင်းမှာတော့ အမှိုက်ပုံးတွေ ထားပေးတတ်ပါတယ်။ အဲဒီအမှိုက်ပုံးရှိတဲ့နေရာကိုတော့ ကိုယ့်အနေနဲ့ အနည်းငယ် အားစိုက်ထုတ်ပြီး ရောက်အောင်သွားရမှာ ဖြစ်ပါတယ်။ ဒါကလည်း သိပ်အပန်းကြီးလှတဲ့ ကိစ္စတော့မဟုတ်ပါ။ အမှိုက်ထည့်သင့်တဲ့နေရာကို အမှိုက်ပစ် တာကိုက ကိုယ့်ကိုယ်ကိုယ် တာဝန်ယူခြင်းနဲ့ ကိုယ်တတ်နိုင်သလောက် ကိုယ့် ပတ်ဝန်းကျင်အတွက် ကိုယ့်ရဲ့လုပ်ပိုင်ခွင့်ကို အသုံးချခြင်းလို့ ယူဆနိုင်ပါတယ်။ အမှိုက်ပုံးကိုမရှာချင်လို့ပဲဖြစ်ဖြစ်၊ ရှာဖို့အချိန်မရလို့ပဲဖြစ်ဖြစ် အကြောင်းတစ်ခုခုကြောင့် အမှိုက်ပုံးမတွေ့ခဲ့ရင်တောင် ကိုယ့်ရဲ့အမှိုက်ကို ကိုယ်နဲ့တစ်ပါတည်း ခေတ္တသိမ်းဆည်းကိုင်ဆောင်ထားတာကလည်း ကိုယ့်ရဲ့ပတ်ဝန်းကျင်အပေါ်ထားတဲ့ စေတနာကောင်းလေးနဲ့ အလေ့အကျင့်ကောင်း လေးတစ်ခု ဖြစ်ပါတယ်။

### သန့်ရှင်းမှုဂုဏ်ကို ထိန်းသိမ်းပေး

ဂျပန်နိုင်ငံကို ရောက်ဖူးကြသူများဆီက သူတို့အတွေ့အကြုံအရ ပြောပြတဲ့ အကြောင်းအရာတစ်ခုကို မျှဝေပေးလိုပါတယ်။ ဂျပန်လူမျိုးတွေက သူတို့လုပ်ငန်းခွင်အသီးသီးကနေ ညနေအိမ်ပြန်ရောက်တာနဲ့ သူတို့ယူသွားတဲ့ အိတ်ကို သွန်ချပြီးရှင်းကြပါတယ်တဲ့။ အဲဒီအိတ်ထဲမှာတော့သူတို့ရဲ့ ကိုယ်ပိုင်အသုံးအဆောင်တွေအပြင် အမှိုက်ထည့်ထားတဲ့ စက္ကူအိတ်၊ ပလတ်စတစ်အိတ်တွေလည်း တွေ့ရပါတယ်တဲ့။ အဲဒီအမှိုက်တွေကတော့ သူတို့ကိုယ်ပိုင်အသုံးပြုတဲ့ အရာတွေရဲ့အမှိုက်တွေပါဝင်သလို သွားရင်းလာရင်းနဲ့ သူတို့ရဲ့ဘေးပတ်ဝန်းကျင်မှာ တွေ့ခဲ့တဲ့အမှိုက်တွေပါ ကောက်ထည့်လာတယ်လို့ဆိုပါတယ်။ တစ်ခါတလေမှာတော့ သွားရင်းလာရင်းအမှိုက်ပုံးတွေ့လို့ ထည့်ခဲ့ရတာမျိုးရှိပေမယ့် အချိန်မရတဲ့အခါမျိုးမှာတော့အခုလို အိမ်ရောက်မှ ပြန်ရှင်းကြရတယ်လို့ ပြောပါတယ်။ သေချာတာတစ်ခုကတော့ ဂျပန်လူမျိုးတွေက သူတို့ကိုယ်တိုင်အမှိုက်ကို တွေ့တဲ့နေရာမှာမပစ်သလို သွားရင်းလာရင်းတွေ့တဲ့အမှိုက်အပိုင်းအစကိုတောင် တာဝန်ယူတဲ့စိတ်နဲ့ ကောက်ပြီး ကိုယ့်နိုင်ငံရဲ့သန့်ရှင်းမှုဂုဏ်ကို ထိန်းသိမ်းပေးကြတာဖြစ်ပါတယ်။

### ကောင်းကျိုးများစွာ ခံစားရရှိနိုင်

လူတိုင်းလူတိုင်းကသာ အဲဒီတာဝန်လေးတစ်ခုကို နိုင်ငံအတွက်၊ ကိုယ့်ပတ်ဝန်းကျင်အတွက် ကိုယ့်ရဲ့လုပ်ခွင့်ရပြီးသား လုပ်ပိုင်ခွင့်အဖြစ် ခံယူကျင့်သုံးပြီး ရထားသလောက် လုပ်ပိုင်ခွင့်လေးနဲ့ ပတ်ဝန်းကျင်အတွက် အကောင်းဆုံးတွေ ဖန်တီးပေးနိုင်မယ်ဆိုရင် ကိုယ်တိုင်လည်းကောင်းကျိုးများစွာခံစားရရှိနိုင်စေမှာ ဖြစ်ပါတယ်။

ကိုယ်ရယူပိုင်ဆိုင်လိုတဲ့ အရာတွေကို ကိုယ့်ဘက်ကအစပျိုးပြီး ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကို ပေးဆပ်ကြည့်မယ်ဆိုရင် အဲဒီရလဒ်အကျိုးကျေးဇူးတွေကို ကိုယ်အပါအဝင် ကိုယ့်ပတ်ဝန်းကျင်တစ်ခုလုံးက ရရှိခံစားနိုင်ကြမှာ ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်ချင်းစီရဲ့ တိုးတက်မှုဟာ အဖွဲ့အစည်းရဲ့ တိုးတက်မှုဖြစ်တယ်လို့ ဆိုနိုင်သော်လည်း မိမိရဲ့တိုးတက်မှုကို အဖွဲ့အစည်းအတွက် အသုံးချခြင်းမရှိရင် မည်မျှပင်စွမ်းဆောင်ရည်ပြည့်ဝသူဖြစ်စေကာမူ အချည်းအနှီးသာဖြစ်ပါမယ်။ သို့ဖြစ်၍ မိမိတိုးတက်မှုဟာ အများအတွက် အသုံးဝင်တဲ့ ပေးဆပ်မှုကိုဆောင်ကြဉ်းနိုင်ဖို့ လိုအပ်သကဲ့သို့ အဖွဲ့အစည်း ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့်လည်း တစ်ဦးချင်းစီအတွက် ကောင်းကျိုးရလဒ်များ မျှဝေခံစားရရှိနိုင်မယ်လို့ ယုံကြည်ကြလျက် လုပ်ပိုင်ခွင့် ရှိသလောက်လေးနဲ့စတင်နိုင်ကြဖို့ မျှော်လင့်ရေးသားလိုက်ရပါတယ်။ ။

> **ကိုယ်ရယူပိုင်ဆိုင်လိုတဲ့ အရာတွေကို ကိုယ့်ဘက်ကအစပျိုးပြီး ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို ပေးဆပ်ကြည့်မယ်ဆိုရင် အဲဒီရလဒ်အကျိုးကျေးဇူးတွေကို ကိုယ်အပါအဝင် ကိုယ့်ပတ်ဝန်းကျင် တစ်ခုလုံးက ရရှိခံစားနိုင်ကြမှာ ဖြစ်ပါတယ်။ တစ်ဦး တစ်ယောက်ချင်းစီရဲ့ တိုးတက်မှုဟာ အဖွဲ့ အစည်းရဲ့တိုးတက်မှုဖြစ်တယ်လို့ ဆိုနိုင်သော်လည်း မိမိရဲ့တိုးတက်မှုကို အဖွဲ့အစည်းအတွက် အသုံးချခြင်းမရှိရင် မည်မျှပင် စွမ်းဆောင်ရည်ပြည့်ဝသူဖြစ်စေကာမူ အချည်းအနှီးသာဖြစ်...**

# ကျောင်းအခြေပြု စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာလမ်းညွှန်ချက်(မူကြမ်း) အတည်ပြုနိုင်ရေးညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၀**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ကျောင်းအခြေပြုစွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာလမ်းညွှန်ချက်(မူကြမ်း)အတည်ပြုနိုင်ရေး ညှိနှိုင်းအစည်းအဝေးအကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ကျောင်းပေါင်း ၆၆ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာန အနေဖြင့် နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ(TVET) ပညာရေးကို ပထမတန်းစားပညာရေးဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါကြောင်း၊ နည်းပညာနှင့်သက်မွေးပညာဆိုင်ရာ (TVET)ကဏ္ဍများကို အရှိန်အဟုန်မြှင့်တိုးချဲ့ဆောင်ရွက်လျက်ရှိသလို အရည်အသွေးမြင့်မားရေးကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ သက်မွေးပညာကျောင်း ခြောက်ကျောင်း အပါအဝင် အစိုးရနည်းပညာကောလိပ်၊ သိပ္ပံနှင့် ကျောင်းပေါင်း ၆၆ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ထားရှိပြီး ဆရာ ဆရာမ ဦးရေ ၃၃၃၁ ဦး ရှိနေပြီဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငါးနှစ်တာ ကာလအတွင်း ဥရောပသမဂ္ဂ(EU)၏ ထောက်ပံ့မှုဖြင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အညွှန်းကိန်း ၁၀ ခုအနက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အနေဖြင့် ပြုပြင်ပြောင်းလဲမှုအညွှန်းကိန်း လေးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ အညွှန်းကိန်း လေးခုအနက် သက်ဆိုင်ရာကျောင်းများတွင် ဖွင့်လှစ်



ဆောင်ရွက်သွားမည့် ကျောင်းအခြေပြုစွမ်းဆောင်ရည်မြှင့်တင်မှုဗဟိုဌာနများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာလမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ၏ MSME လုပ်ငန်းများနှင့် ပြည်တွင်း၊ ပြည်ပ စက်မှုလက်မှုလုပ်ငန်းများတွင် လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်သူများကို မွေးထုတ်ပေးနိုင်ရေး၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံနှင့် ပြင်ပအဖွဲ့အစည်းများ ပူးပေါင်း၍ အလုပ်အကိုင်များရရှိအောင် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် သင်ရိုးညွှန်းတမ်းများ ပြုပြင်ပြောင်းလဲနိုင်ရေးနှင့် နှစ်အလိုက်လိုအပ်သည့် ဘဏ္ဍာငွေလျာထားမှုများအား စနစ်တကျတင်ပြ၍ ထိရောက်အကျိုးရှိစွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသအလိုက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ကျွမ်းကျင်မှုအခြေပြုကာလတို သင်တန်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ နိုင်ငံတကာ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖြစ်စေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။ အစည်းအဝေးအား ဇွန် ၁၁ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နေပြည်တော်၊ ရုံးအမှတ်(၅၂)ရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ ရောက်ရှိပြီး ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းထုတ်ပေးနေမှုများကို သွားရောက်လှည့်လည်ကြည့်ရှု၍ ဝန်ထမ်းများနှင့် အမှတ်စာရင်းထုတ်ယူသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကား ပြောကြားသည်။ (ဝဲပုံ)

### mobile အဖွဲ့များ

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများကို ဇွန် ၁၀ ရက်မှစတင်ကာ နေပြည်တော်ရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင်လည်းကောင်း၊ ရန်ကုန်မြို့ အမှတ်(၁၂) ရပ်ကွက် လှိုင်မြို့နယ် အခြေခံပညာကျောင်းသုံးစာအုပ်သိုလှောင်ရုံဝင်းအတွင်းရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတို့တွင်လည်းကောင်း တစ်ပြိုင်နက်တည်း စတင်ထုတ်ဝေပေးလျက်ရှိသည်။ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းထုတ်ယူရာတွင် အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ အမှတ်စာရင်းထုတ်ပေးရေး mobile အဖွဲ့များသည် မန္တလေးမြို့ အထက(၁၄)၊ ရမည်းသင်းမြို့ အထက(၁)၊ တောင်ငူမြို့ အထက(၁)၊ ပဲခူးမြို့ အထက(၁)၊ သာယာဝတီမြို့ အထက (၁)၊ ပုသိမ်မြို့ အထက(၁)၊ ဟသ်ာတမြို့ အထက(၁) ကျောင်းများတွင် တစ်ပြိုင်နက်တည်း ထုတ်ဝေပေးလျက်ရှိပြီး ထိုမှတစ်ဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ဆက်လက်ထွက်ခွာ၍ အမှတ်စာရင်းများကို တစ်စောင်လျှင် ကျပ် ၄၀၀ နှုန်းဖြင့် ထုတ်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူများနှင့် တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၀**

စပါးဈေးနှုန်းကျဆင်းနေခြင်းနှင့် တောင်သူလယ်သမားများ အခက်အခဲဖြစ်ပေါ်နေမှုအပေါ် အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်နိုင်ရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ ညနေပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အများပိုင်ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**ဈေးနှုန်းတည်ငြိမ်မှုရှိ**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လက်ရှိ ဖြစ်ပေါ်နေသော စပါးဈေးနှုန်းကျဆင်းနေခြင်းနှင့် တောင်သူလယ်သမားများ ထိခိုက်နစ်နာမှုကြုံတွေ့နေကြရမှုအပေါ် အမြန်ဆုံး ကူညီဖြေရှင်းပေးနိုင်ရေးနှင့် ရေရှည်တွင်လည်း ဈေးနှုန်းတည်ငြိမ်မှုရှိစေမည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည့် အကြံဉာဏ်များ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ရေး၊ အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးရန် လိုအပ်ချက်များရှိပါက ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ထုတ်လုပ်မှုတန်ဖိုး ချိန်ညှိဆောင်ရွက်နိုင်ရေး၊ အခြေခံဈေးနှုန်းသတ်မှတ်ချက်အရ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ ကွင်းဆင်းဝယ်ယူနေမှုများနှင့် သိုလှောင်ရုံအခြောက်ခံစက် အခက်အခဲဖြစ်ပေါ်နေမှု၊ ရက်တို ချေးငွေရရှိရေး ၊ ဝယ်နိုင်စွမ်းအားတိုးမြှင့်ပေးနိုင်ရေး၊ လာမည့်မိုးစပါးရာသီအတွက် ကြိုတင်ပြင်ဆင်ရေး၊ ဈေးကွက်လမ်းကြောင်းတိုးမြှင့်ရှာဖွေရေး ၊ ပြည်ပတင်ပို့ရောင်းချမှုအတွက် စံချိန်စံညွှန်းဆိုင်ရာ လိုအပ်သောစစ်ဆေးအတည်ပြုချက်များ လျင်မြန်သွက်လက်မှုရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ ကန်ထရိုက်လယ်ယာစနစ် ဖော်ဆောင်နေမှုအပေါ် လိုအပ်သော အမိန့်ကြော်ငြာစာ ထုတ်ပြန်ပေးရေးနှင့် စက်ပိုင်များ၏ စပါးဝယ်ယူမှု တိုးတက်စေရေးအတွက် စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းပေးရန်တို့ကို ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူ ပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇွန် ၁၀**

မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဗဟိုအဖွဲ့၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ် မတ် ၂၉ ရက်က ကျင်းပခဲ့ကြောင်း၊ ထိုအစည်းအဝေးက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ငါးရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အစည်းအဝေးတွင် ကမ်းရိုးတန်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို တက်ရောက်လာသည့် အဖွဲ့ဝင်များက ပွင့်လင်းရင်းနှီးစွာ အဖြေထွက်သည်အထိ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**နှုန်းထားများသတ်မှတ်**

အစည်းအဝေးတွင် မြန်မာ့ကမ်းရိုးတန်းသို့ လာရောက်လည်ပတ်မည့် ခရီးသည် ပို့ဆောင်သည့် နိုင်ငံခြား ရေယာဉ်များအား လုပ်ငန်းလိုင်စင် ယာယီထုတ်ပေးရာတွင် ခရီးစဉ်တစ်ခေါက်အတွက် နှုန်းထားများ သတ်မှတ်ခြင်း၊ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ လုပ်ကိုင်နိုင်ခြင်းမရှိသည့် လုပ်ငန်းများ၌ အသုံးပြုမည့် နိုင်ငံခြားရေယာဉ် တစ်မျိုးမျိုးကို အထူးကိစ္စရပ်အနေဖြင့် လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များနှင့် စက်မဲ့တွဲများ၏ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးထားသည့် စာရင်းများကို အတည်ပြု မှတ်တမ်းတင်ခြင်း၊ ပြည်တွင်း ရေကြောင်းသွား ရေယာဉ်ပိုင်ရှင်အသင်းနှင့် ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင်များ အသင်းတို့က တင်ပြသော ကမ်းရိုးတန်းသွား ရေယာဉ်များနှင့် ပြည်တွင်းရေကြောင်းသွား ရေယာဉ်များ၏ ခုတ်မောင်း ပြေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ စက်မဲ့ဆီတင်တွဲနှင့် စက်မဲ့ကုန်တင်တွဲများ၏ ရေယာဉ်အန္တရာယ်ကင်းရှင်းကြောင်း သက်သေခံ လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ရေလမ်းကြောင်း ကောင်းမွန်ရေးကိစ္စရပ်များ၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်များအတွက် ဆိပ်ကမ်းအခွန်ကောက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များကို တက်ရောက်လာကြသည့် ဗဟိုအဖွဲ့ဝင်များက ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ပေါင်းစပ်လုပ်ဆောင်**

ကြီးကြပ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များနှင့် အစည်းအဝေး တက်ရောက်သူများ၏ ဆွေးနွေးပြောကြားချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဤဗဟိုအဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်သည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန်နှင့် ရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများ ပိုမိုချောမွေ့စေရန်၊ အောင်အောင်မြင်မြင် လုပ်ဆောင်သွားနိုင်ရန်အတွက် ရေယာဉ်ပိုင်ရှင် အသင်းအဖွဲ့များ၊ ရေကြောင်းနှင့်ပတ်သက်သော အဖွဲ့အစည်းများ ပေါင်းစပ်ပြီး လုပ်ဆောင်သွားရန် ပြောကြားသည်။

**သတင်းစဉ်**

# ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့နိုင်ရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဇွန် ၁၀**

နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်ရရှိပြီး ပင်လယ်ရေကြောင်းမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်း တင်ပို့ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆွေးနွေးအဖြေရှာ**

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ၂၀၁၉ ခုနှစ် ဧပြီ ၂၅ ရက်မှ ၂၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ဒုတိယအကြိမ်ရပ်ဝန်းနှင့် ပိုးလမ်းမအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် သွားရောက်ခဲ့သည့်ခရီးစဉ်တွင် နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်ရရှိခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပင်လယ်ရေကြောင်းမှတစ်ဆင့် ဆန်တန်ချိန် တစ်သိန်းတင်ပို့ရေးကိစ္စနှင့်ပတ်သက်၍ တင်ပို့မည့်နည်းလမ်းများအား ဆွေးနွေးအဖြေရှာနိုင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေးကြပါရန် ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နည်းလမ်း လေးမျိုးဖြင့် ဆန်တင်ပို့လျက်ရှိရာ ပထမနည်းမှာ နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်အရ G to G စနစ်ဖြင့် တင်ပို့ခြင်း၊ ဒုတိယနည်းမှာ Sister City MoU အရ ကုန်ပစ္စည်းချင်း ဖလှယ်သည့်စနစ်ဖြင့် တင်ပို့ခြင်း၊ တတိယနည်းမှာ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှတစ်ဆင့် တိရစ္ဆာန်အစာအဖြစ် ဆန်ကြမ်း၊ ဆန်ကွဲတို့အား ကုန်ကြမ်းအဖြစ်တင်ပို့ခြင်း၊ စတုတ္ထနည်းမှာ တရုတ်နိုင်ငံမှ သွင်းကုန်ကုမ္ပဏီများအတွက် တရုတ်နိုင်ငံအစိုးရမှ သတ်မှတ်ပေးထားသော Quota ဖြင့် မြန်မာကုမ္ပဏီများထံမှ တိုက်ရိုက်ဝယ်ယူခြင်းစသည့် နည်းလမ်းများဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် ၎င်းတို့သတ်မှတ်ထားသည့် Sanitary and Phytosanitary – SPS Protocol များကို လေ့လာ၍ စံချိန်စံညွှန်းဆိုင်ရာ အရည်အသွေးပြည့်မီစွာ စနစ်တကျ တင်ပို့သွားနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြု**

နှစ်နိုင်ငံအစိုးရချင်း သဘောတူညီမှုရရှိပြီးဖြစ်သည့် G to G စနစ်ဖြင့် တင်ပို့မည့် မြန်မာ့ဆန်တန်ချိန် တစ်သိန်းအား လာမည့်အောက်တိုဘာလအတွင်း အပြီးသတ်တင်ပို့သွားနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် လာမည့် အောက်တိုဘာလအတွင်း လက်ရှိသတ်မှတ်ပေးထားသော ဆန် Quota ခွဲတမ်းအား ပြင်ဆင်သတ်မှတ်မှုများ ပြုလုပ်ရန်ရှိသည့်အတွက် ရရှိပြီး Quota ပမာဏအပေါ် အချိန်မီတင်ပို့နိုင်ရေး အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော တာဝန်ရှိသူများအနေဖြင့် ဆန်တင်ပို့နိုင်ရေးနှင့် ပတ်သက်၍ စနစ်တကျဖြစ်စေရန် ဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြုသွားရန် ပြောကြားခဲ့သည်။

**ချမှတ်ကျင့်သုံးဆောင်ရွက်**

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် Japan Patent Office မှ Director-General , Mr. Susumu Iwasaki အဖွဲ့နှင့် တွေ့ဆုံ၍ ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အများပြည်သူအား အသိပညာပေးရေးနှင့် ပေါင်းကူးဆက်သွယ်ရေးဆိုင်ရာ မဟာဗျူဟာများ ချမှတ်ကျင့်သုံးဆောင်ရွက်သွားနိုင်ရေး၊ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များအား နည်းပညာအသုံးပြု အဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ IP Cyber Security ခိုင်မာစွာ ထားရှိဆောင်ရွက်သွားနိုင်ရေးနှင့် ကုန်ပစ္စည်းအမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုတို့တွင် Japan Patent Office မှ ပံ့ပိုးကူညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၂ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့အထိ ပေးပို့ တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာနေ လှထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၆-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇင်းကျေးရွာ၊ ရွှေဘို-မြစ်ကြီးနားသွား ကားလမ်းမပေါ်၌ ၎င်းကျေးရွာနေ လှထွန်း(၄၂)နှစ်၊ (ဘ)ဦးရန်လင်းအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ)မယ(ပ)၇/ ၂၀၁၉၊ မူး/ စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ မော့်ရုံမြိုင်ကျေးရွာနေ အိုက်စိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၆-၂၀၁၉ ရက်နေ့တွင် ဟုမ္မလင်းမြို့နယ်၊ မော့်ရုံမြိုင်ကျေးရွာနေ အိုက်စိုး(ခ)အောင်သန်းစိုး(၂၉)နှစ်၊ (ဘ)ဦးဖိုးဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တင်အောင်မိုး (၂၇)နှစ်၊ (ဘ)ဦးထွန်းလှတို့ (၂)ဦးအား ဘိန်းဖြူများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ထမံသီ)မယ(ပ)၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကံကြီးကျေးရွာနေ ဖိုးအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၄-၆-၂၀၁၉ ရက်နေ့တွင် ကလေးမြို့နယ်၊ ကံကြီးကျေးရွာနေ ဖိုးအေး (၄၆)နှစ်၊ (ဘ)ဦးဖိုးစိန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကလေး)မယ(ပ) ၈၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၁၉ × ၂၂ လမ်းကြား၊ စံပယ်အိမ်ရာ ပတ်ဝန်းကျင်တွင် မူးယစ်ဆေးဝါး ဖြန့်ဖြူး/ရောင်းချ သုံးစွဲသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂-၆-၂၀၁၉ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ ၁၉ × ၂၂ လမ်းကြား၊ စံပယ်အိမ်ရာ၊ တိုက်(၅)ပတ်ဝန်းကျင်၌ ချမ်းအေးသာစံမြို့နယ်၊ ဦးဖိုးသာဝင်းရပ်ကွက်နေ ဝင်းလှိုင်ဦး(ခ) ပီချေး(၂၀)နှစ်၊ (ဘ) ဦးဆန်းဦး၊ ၇၉ × ၈၀ ကြား၊ ၃၀ × ၃၁ ကြားနေ ရဲလင်းအောင်(ခ) မှတ်ကြီး (၃၀)နှစ်၊ (ဘ) ဦးအောင်လင်း၊ မဟာအောင်မြေမြို့နယ်၊ ညောင်ကုန်းရပ်ကွက်နေ လက်ပွား (ခ) ပိုင်စိုးသက် (၂၄)နှစ်၊ (ဘ) ဦးစိန်ဝင်း၊ မဟာမြိုင်(၁) ရပ်ကွက်နေ မင်းခန့်ဦး(ခ)ဗျားကြီး(၂၅)နှစ်၊ (ဘ)ဦးဝင်းဗိုလ်၊ အောင်မြေသာစံမြို့နယ်၊ ဦးပုသ်တော် ရပ်ကွက်နေ အောင်ကျော် (ခ)အောင်ကျော်ကျော်(၃၂)နှစ်၊ (ဘ)ဦးမိုးကျော်၊ ညောင်ကွဲရပ်ကွက်နေ ချမ်းမြေ့အောင်(ခ)အောင်လေး(၁၉)နှစ်၊ (ဘ) ဦးဟန်ညွန့်နှင့် အမရပူရမြို့နယ်၊ ကျောက်စိမ်းဘုရားရှေ့နေ နွေဦး(၄၉) နှစ်၊ (ဘ) ဦးကျော်နိုင်တို့(၇)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(၅) (အောင်မြေသာစံ) မယ(ပ)၂၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မင်းဝန်ကျေးရွာနေ ရာဇာထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၅-၆-၂၀၁၉ ရက်နေ့တွင် မြစ်သားမြို့နယ်၊ သစ်တက်ကုန်း ကျေးရွာသွားလမ်းပေါ်၌ မင်းဝန်ကျေးရွာနေ ဖိုးကုလား (ခ)နိုင်ထက်ဝင်း(၂၂)နှစ်၊ (ဘ)ဦးဖိုးအေး မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ၈၈/၁ စာတန်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြား အကြေမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါမူးယစ်ဆေးဝါးများအား မင်းဝန်ကျေးရွာနေ ရာဇာထွန်း(၂၈)နှစ်၊ (ဘ)ဦးတင်ထွန်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား ရကစ (ရစ်ကန်)မယ(ပ)၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ လက်ပံခါးလှကျေးရွာနေ ဝင်းဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၇-၆-၂၀၁၉ ရက်နေ့တွင် ရမည်းသင်းမြို့ ရွှေစည်းခုံရပ်ကွက်နေ ဖြိုးကိုကိုအောင်(၂၈)နှစ်၊ (ဘ)ဦးစိန်သန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ၈၈/၁ စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး အဆိုပါ မူးယစ်ဆေးဝါးများအား လက်ပံခါးလှကျေးရွာနေ ဝင်းဦး (၄၅)နှစ်၊ (ဘ)ဦးထွန်းရွှေထံမှဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂) ဦးအား မမစ(ရမည်းသင်း)မယ (ပ)၁၂/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) /၂၀(က)/ ၂၁ဖြင့်လည်းကောင်း၊ ကွင်းဆက်အရ လက်ပံခါးလှကျေးရွာအနီး ရွာတန်း-ရွှေဒါးသွားကားလမ်းမပေါ်၌ ဝင်းဦး မောင်းနှင်လာသည့် ဆိုင်ကယ်အား စစ်စစ်ရှာဖွေရာ ၈၈/၁စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွာတန်း) မယ (ပ)၆/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၂) ရပ်ကွက်၊ ငွေပြည်သာ(၂)လမ်းနေ မျိုးချစ်ကိုသည် မူးယစ်ဆေးဝါးများ သုံးစွဲနေကြောင်း သတင်းပေးပို့ခြင်း။ | ၃-၆-၂၀၁၉ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ငွေပြည်သာ(၂)လမ်းနေ မျိုးချစ်ကို(၄၄)နှစ်၊ (ဘ)ဦးစန်းလွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံမြောက်) မယ(ပ) ၃၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၅၃) ရပ်ကွက်၊ ပန်းခြံလမ်းနေ ကုလား(ခ) တင်ကိုကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၆-၆-၂၀၁၉ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အမှတ်(၂)လမ်းမပေါ်၌ စောင့်ဆိုင်းစစ်ဆေးစဉ် (၅၃)ရပ်ကွက်၊ ပန်းခြံလမ်းနေ ကုလား(ခ) တင်ကိုကို(၂၀)နှစ်၊ (ဘ)ဦးမြင့်ထွန်းနှင့် ၎င်းရပ်ကွက်၊ ပုလဲငွေရောင်(၄)လမ်းနေ ဝေဇင်ထွေး(၁၉)နှစ်၊ (ဘ) ဦးလှထွေးတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်)မယ(ပ)၅၂/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က) / ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်၊ နမ္မတူမြို့ ပန်ဟိုက်(၈) ရပ်ကွက်တွင် မူးယစ်ဆေးဝါး သုံးစွဲ/ရောင်းချသူ အများအပြားရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၆) ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂-၆-၂၀၁၉ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ နမ္မတူမြို့ ပန်ဟိုက်(၈)ရပ်ကွက်၊ သချိုင်းကုန်းဟောင်းအနီး၌ မန်တုံမြို့နယ်၊ ကျယ်ဂေါင်ကျေးရွာနေ ဒေါ်ငင့်(၄၈)နှစ်၊ (ဘ)ဦးမြတ်ဆောင်အား ဘိန်းဖြူများ၊ ၈၈/၁ စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နမ္မတူ)မယ(ပ)၃/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဇာလီကျေးရွာနေ အေးကို(ခ)ကိုလေးသည် မူးယစ်ဆေးဝါးများ အကြီးအကျယ်ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂-၆-၂၀၁၉ ရက်နေ့တွင် နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ နောင်ချိုမြို့နယ်၊ ဇာလီကျေးရွာနေ အေးကို(ခ)ကိုလေး (၃၀)နှစ်၊ (ဘ)ဦးအေးကျော်နှင့် သီပေါမြို့နယ်၊ လင်တိကျေးရွာနေ ဒေါ်အေးလုံ(၄၆)နှစ်၊ (ဘ)ဦးဝါလိန်တို့(၂)ဦးမောင်းနှင်လာသည့် ယာဉ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(နောင်ချို) မယ(ပ) ၄၅/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်းနှင့် မြို့ပေါ်ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၇)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၂၄)ဦး၊ မ(၃)ဦး ပေါင်း(၂၇)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၄-၆-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက် သတင်းအရ တောင်ကြီးမြို့ ရွှေတောင်ရပ်ကွက်၊ တောင်တန်းရှည်လမ်းပေါ်၌ ၎င်းရပ်ကွက်နေ ကျော်စိုးမြင့် (၂၁)နှစ်၊ (ဘ)ဦးသောင်းမြင့်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး)မယ(ပ)၃၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် ၈-၆-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၆၅၁)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၈၅၉)ဦး၊မ(၁၆၄)ဦး ပေါင်း(၁၀၂၃) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၁၆၂.၇၁၇၄) ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၉၇၀၉.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၀၆၈၂)ပြား၊ ဆေးခြောက် (၈၃၀၉.၂၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ဘိန်းစေ့(၆၀)ဂရမ်၊စိတ်ကြွဆေးပြား အကြေမှုန့် (၂၈.၄၅) ဂရမ်၊ Ecstasy အကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း **နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များ အပါအဝင် ပြည်နယ်/တိုင်းဒေသကြီး အသီးသီး၌ ဖမ်းဆီးရမိမှုများမှာ** နေပြည်တော်၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၆၄၀)ပြား၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန့်ပုတ်ကျေးရွာအဝင်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၅၂၆၅)ပြား၊ ဘိန်းဖြူ(၂၂၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ အရှေ့စုရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၄၀)ပြား၊ ဖားကန့်မြို့နယ်၊ နမ့်လန်ကျေးရွာအဝင် မိုးညှင်း-ဝေ့ခါသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး ပေါင်း(၂)ဦးတို့ထံမှ ဘိန်းဖြူ(၂၂၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ဆန်းကွယ်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၉၀)ပြား၊ ဘိန်း(၃၈၀)ဂရမ်၊ ဘိန်းဆီခဲ(၂၀)ဂရမ်၊ ရွှေကူမြို့နယ်၊ ညောင်ကုန်းကျေးရွာ၊ ဗန်းမော်-မန္တလေးသွားကားလမ်း မိုင်တိုင်(၁၉၅)၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၆၁၀၀) ပြား၊ ဘိန်းဖြူ(၈၈၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မံစီမြို့နယ်၊ သံတံတားကျေးရွာအနီး သံတံတား-မန်သာကျေးရွာသွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၉၀၀) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဆောင်ကန်းကျေးရွာလမ်းပေါ်၌ **စာမျက်နှာ ၉ သို့ »»**

»»» စာမျက်နှာ ၈ မှ

သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၂၁၄)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၉၉၆၂)ပြား၊ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဒိမ်ဇန်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၂)ပြား၊ ဘိန်းဖြူ (၂.၂၂)ဂရမ်၊ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ သင်္ကြောကျေးရွာ၊ ဘုရားသုံးဆူသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၁၆၃၃)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊သံဖြူဇရပ်-ရေးကားလမ်း၊ မိုင်တိုင်(၅၄/၆-၇)ကြား၌ ရပ်တန့်ထားသည့် Honda Fit ယာဉ်အား သတင်းအရစိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာရွက်(၄၈၉၉၀) ဂရမ်၊ မော်တော်ယာဉ် (၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ရွာသစ်ကေကျေးရွာနေအိမ်နှင့် ယာဉ်အတွင်းတို့၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၂၇၅၀)ပြား၊ Probox ယာဉ်(၁)စီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ဘန်ကွဲကျေးရွာ၊ ဇလဲ-တောင်ကြီးသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၄၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရပ်စောက်မြို့နယ်၊ ရတနာပုံအရှေ့ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၅၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၁)ဦး၊ လွိုင်လင်မြို့နယ်၊ ခဲလောင်းကျေးရွာအနီး လွိုင်လင်-နမ့်စန်သွား ကားလမ်းမပေါ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လဲချားမြို့နယ်၊ နောင်မိန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၈)ပြား၊ ဘိန်း(၁၂၂၄)ဂရမ်၊ လားရှိုးမြို့နယ်၊ ကုန်းဆာကျေးရွာ၊ ရွာလယ်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး ထံမှ စိတ်ကြွဆေးပြား(၈၀၀၀)ပြား၊ ဘိန်းဖြူ(၁၄၄) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ သိန္နီမြို့ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ Landcruiser ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၈၅၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ အိုရီယမ်တယ်တိုးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၂၉၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ကွတ်ခိုင်မြို့နယ်၊ နမ့်ပါချီးကျေးရွာ၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၈)ပြား၊ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တန့်ယန်းမြို့နယ်၊ မိုင်းပတ်ကျေးရွာလမ်းပေါ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း(၃၁၄၉) ဂရမ်၊ မူဆယ်မြို့နယ်၊ နမ့်စန်ဈေးကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၀၀)ပြား၊ ဘိန်းဖြူ(၂၄)ဂရမ်၊ ကွတ်ခိုင်မြို့နယ်၊ ခိုလုံကျေးရွာ အဝင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၄၀၀) ပြား၊ ဘိန်းဖြူ(၂၀) ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့အဝင် မူဆယ်-မန္တလေးသွားကားလမ်း မိုင်တိုင်(၈၀/၄)၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၉၇၀)ပြား၊ ရေဖြူကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၇၅)ပြား၊ မိုးမိတ်မြို့ လက်ခုတ်တန်းရပ်ကွက်၌ တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇၃၀)ပြား၊ ဘိန်းဖြူ(၂၀)ဂရမ်၊ လောက်ကိုင်မြို့နယ်၊ ကာပူကျိုင်းကျေးရွာအနီး၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀၀)ပြား၊ ဘိန်းဖြူ (၉)ဂရမ်၊ ချင်းရွှေဟော်မြို့အဝင် လောက်ကိုင်-ချင်းရွှေဟော်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တာချီလိတ်မြို့နယ်၊ ဟိုနား(အာခါ)ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၈)ပြား၊ ICE (၁၂)ဂရမ်၊ ဘိန်း(၂၅၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နောင်မိုးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ အဆင့်နိမ့်ဘိန်း(၈.၃)ဂရမ်၊ တမူးမြို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်၌ သတင်းအရဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၁၁)ပြား၊ ဘိန်းဖြူ(၂.၄)ဂရမ်၊ Buprenorphine Tablet (၅၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဖောင်းပြင်မြို့နယ်၊ နောင်မနားကျေးရွာ၌ သတင်းအရ ဆိုင်ကယ်(၃)စီးအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၄)ဦးထံမှ စိတ်ကြွဆေးပြား(၅၀၀)ပြား၊ ဘိန်းဖြူ (၁၈၀.၇) ဂရမ်၊ ဆိုင်ကယ်(၃)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ကန်ဖျားရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၅၇)ပြား၊ ကော့သောင်းမြို့နယ်၊ ရွှေပြည်စိုးကျေးရွာ၊ မြို့ပတ်(၂)လမ်း၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းစာမှုန့်(၈၅၁၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အုတ်ရှစ်ကုန်းအမြန်လမ်းမကြီး ရဲစခန်းမှအမြန်လမ်းတွင် ယာဉ်မတော်တဆဖြစ်ပြီး ယာဉ်မောင်းတိမ်းရှောင်နေသည့်အမှုဖြင့် သိမ်းဆည်းထားသော Vigo ယာဉ်အား မသင်္ကာသဖြင့် စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်းအမိုးအတွင်းမှ ကပ်ခွာအိတ်များဖြင့်ထည့်ထားသည့် စိတ်ကြွဆေးပြား (၇၈၀၉၀၀) ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့် (၉၀၀) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ဒိုက်ဦး-ညောင်ခါးရှည်သွားကားလမ်းပေါ်၌ သတင်းအရ Nissan ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၇၆၀၀)ပြား၊ Ketamine(၁၈၀၀၀)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လက်ပံတံခါးကျေးရွာ၌ တရားခံအမျိုးသား (၃)ဦးထံမှ ဘိန်း(၃၅၉.၂၆)ဂရမ်၊ ဆေးခြောက်(၁၆.၃၃)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်း-လမ်းလယ်ကျစ် ကျေးရွာသွားကားလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၄)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၇၆၉)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှတစ်ဆင့် နယူးဇီလန်နိုင်ငံသို့ ပို့ဆောင်မည့် ကုန်သေတ္တာများအား X-Ray စက်ဖြင့် စိစစ်ခဲ့ရာ စက္ကူပုံးအတွင်းမှ ICE(၉၄၃)ဂရမ်၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အနော်ရထာလမ်း၊ (၂၇)လမ်းနှင့် (၂၈) လမ်းကြား၌ တရားခံအမျိုးသား(၁)ဦးထံမှ ဆေးခြောက် (၁၆.၃၃)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ သုံးပင်ကွင်းရပ်ကွက်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃၅)ပြား၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၃)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်၌ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ICE(၁၀၀၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့ ရန်တိုင်းအောင်ကျေးရွာနှင့် တွိဗန်ကျေးရွာကြား၊ တမူး-ကလေးသွား ကားလမ်းမပေါ်၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားမဝင် ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ Buprenorphine Tablet (၈၁)ပြား၊ ခမ်းပါတ်မြို့ ထင်းဇင်ကျေးရွာအထွက် နမ့်စပါတံတားအနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားမဝင်ဝင်ရောက်လာသည့် အိန္ဒိယနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၁၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီးအား လည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ် (၅) ခုရှိခဲ့ပြီး မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အဘော်ကျေးရွာလမ်းပေါ်၌ သတင်းအရ Pajero ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၃၉၅၀)ပြား၊ ပစ္စတိုသေနတ်(၁)လက်၊ ကျည်အိမ်(၁)ခု၊ ၉ မမကျည်(၇) တောင့်၊ မော်တော်ယာဉ် (၁)စီး၊ လမိုင်းမြို့နယ်၊ မော့ကနင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၅)ပြား၊ ဘိန်းစာရွက်(၃၃)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ ခဲသီး(၈)လုံး၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ မယ်ခေါင်-စန်းလုရွာသွားကားလမ်းဘေး၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၅၉၅၅) ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၄၀)ဂရမ်၊ ဘိန်းဖြူ(၈၀.၂) ဂရမ်၊ ဘိန်း(၁၀၀)ဂရမ်၊ တူမီးသေနတ်(၃) လက်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ အလယ်စခန်းကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၅)ပြား၊ တူမီးသေနတ်(၁)လက်၊ ကျွန်းစုမြို့နယ်၊ ရေအေး(အပြင်)ကျေးရွာ၌ သတင်းအရ ဝင်ရောက်ရှာဖွေရာ တရားခံမှာ ကြိုတင်တိမ်းရှောင်နေပြီး နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား (၇၆၀)ပြား၊ လေသေနတ်(၁)လက်အားလည်းကောင်း၊ လက်နက်ဖြင့်ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှု ဖြစ်စဉ် (၁)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ နမ္မတီးမြို့ ကျွန်းကုန်းရပ်ကွက်၌ သတင်းအရ နေအိမ်အား ဝင်ရောက်စစ်ဆေး ဖော်ထုတ်ဖမ်းဆီးစဉ် တရားခံအမျိုးသား(၁)ဦးမှ တူမီးသေနတ်ဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်သဖြင့် သတိပေးပစ်ခတ်ဖမ်းဆီးရာ မစိုးရိမ်ရ ဒဏ်ရာရရှိပြီး ဘိန်းဖြူ(၀.၃)ဂရမ်၊ တူမီးသေနတ် (၁)လက်၊ ခဲသီး(၄၂)လုံး၊ ယမ်းမှုန့်(၂)ကျပ်သားတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၂-၆-၂၀၁၉ ရက်နေ့မှ ၈-၆-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၂၁၅)မှု၊ တရားခံကျား(၂၄၂)ဦး၊ မ(၄၄)ဦး၊ ပေါင်း(၂၈၆)ဦး၊ စိတ်ကြွဆေးပြား(၃၀၇၄၃၁၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၁၁၄၀)ဂရမ်၊ ဘိန်းဖြူ(၂၁၉၆.၃၀၃၃)ဂရမ်၊ ICE(၁၉၆၃)ဂရမ်၊ ဘိန်း(၄၇၉၃.၇၃) ဂရမ်၊ အဆင့်နိမ့်ဘိန်း (၁၃.၄)ဂရမ်၊ ဘိန်းစာမှုန့်(၈၅၅၀)ဂရမ်၊ ဘိန်းစာရွက်(၅၀၆၅၆)ဂရမ်၊ ဘိန်းဆီခဲ(၂၀)ဂရမ်၊ ဆေးခြောက်(၅၄.၀၆) ဂရမ်၊ Buprenorphine Tablet (၁၃၁)ပြား၊ Ketamine (၁၈၀၀၀)ဂရမ်၊ သေနတ်မျိုးစုံ (၈)လက်၊ ကျည်အိမ်(၁) ခု၊ ၉ မမကျည်(၇)တောင့်၊ ခဲသီး(၅၀)လုံး၊ ယမ်းမှုန့်(၂)ကျပ်သား တို့အား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံ အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**


| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

### ❖ ရှေ့ဖုံးမှ

"အရင်က မြို့တွင်းလမ်းပေါ်မှာ မြင်းလှည်းမောင်းရတာ စီးပွားရေးအဆင်မပြေဘူး။ ဒါကြောင့် ဒီတောင်သမန်အင်းနဲ့ ဦးပိန်တံတားကို လာရောက်ကြတဲ့ ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေ ခံစားမှုအသစ်အဆန်းတွေရအောင်၊ ကျွန်တော်တို့လည်း စားဝတ်နေရေး အဆင်ပြေအောင် ရည်ရွယ်ပြီး ဒီလုပ်ငန်းကို အခုနှစ် ဇန်နဝါရီ ၄ ရက်မှာ စပြီး လုပ်ဆောင်ခဲ့တာပါ။ အစပိုင်းမှာတော့ သုံးစီးလောက်ပဲရှိပေမယ့် အခုနောက်ပိုင်းမှာ ရထားလုံး သုံးစီး၊ ရွှေလှည်း သုံးစီး၊ စိန်လှည်း တစ်စီးနဲ့ ရိုးရိုးလှည်း နှစ်စီး စုစုပေါင်း ကိုးစီးရှိလာတဲ့အတွက် အဖွဲ့အနေနဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိမှာတော့ တစ်နေ့ကို နှစ်ခေါက်၊ သုံးခေါက်လောက် အလှည့်ကျ ဆွဲရတဲ့အတွက် နေ့စဉ် ဝင်ငွေကျပ် တစ်သောင်းခွဲနဲ့ ကျပ်နှစ်သောင်းကြား ရပါတယ်။ ပြည်ပ ခရီးသွားတွေအပြင် ပြည်တွင်းကလည်း စီးကြတော့ ကျွန်တော်တို့အတွက် စီးပွားရေးအနေနဲ့လည်း အဆင်ပြေပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ အလှဆင်ထားသည့် မြင်းလှည်းများအား လက်ရှိတွင် ဦးပိန်တံတားမှ စတင်ထွက်ခွာကာ မည်စည်ပင်တန်း တစ်လျှောက်ရှိ သဘာဝရှုခင်းများအား လှည့်လည်ကြည့်ရှုနိုင်ရန် လူဦးရေပေါ်မူတည်၍ တစ်စီးလျှင် ငွေကျပ် ငါးထောင်မှ ကျပ်တစ်သောင်းနှုန်းအထိ ငှားရမ်းပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**




ဓာတ်မြစ် ။ ဗဟိုစာရင်းအင်းအဖွဲ့
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁ ။)**
**၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်**
**(၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (က)၊ ပုဒ်မ ၃ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၈ ပုဒ်မခွဲ(၂) ၏ ခြေဆင်း၊ ပုဒ်မ ၈ ပုဒ်မခွဲ (၂) ပုဒ်မခွဲငယ်(က)နှင့်(ခ)၊ ပုဒ်မ ၈ ပုဒ်မခွဲ (၅)နှင့် (၆)၊ ပုဒ်မ ၉ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၉ ပုဒ်မခွဲ(၂) ပုဒ်မခွဲငယ် (ခ)၊ (ဂ)နှင့်(ဃ)၊ ပုဒ်မ ၁၀ ပုဒ်မခွဲ (၁) နှင့် (၂)၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၃ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ် (က)၊ ပုဒ်မ ၁၃ ပုဒ်မခွဲ (၅)၊ ပုဒ်မ ၁၄ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၁၅ ပုဒ်မခွဲ (စ) နှင့် ပုဒ်မ ၁၆ တို့တွင်ပါရှိသော "တရားလွှတ်တော်" ဆိုသည့် စကားရပ်များကို "ပြည်ထောင်စုတရားလွှတ်တော်ချုပ်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေတွင် ပါရှိသော "ရှေ့နေချုပ်" ဆိုသည့် စကားရပ်များကို "ပြည်ထောင်စုရှေ့နေချုပ်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "ရန်ကုန်မြို့" ဆိုသည့်စကားရပ်ကို "နေပြည်တော်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ တရားလွှတ်တော်ရှေ့နေများကောင်စီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ပြည်ထောင်စုရှေ့နေချုပ်၊ — ဥက္ကဋ္ဌ

(ခ) ပုဒ်မခွဲ (င) အရ ရွေးကောက်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေများက ယင်းတို့ထဲမှ ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေ တစ်ဦး၊ — ဒုတိယဥက္ကဋ္ဌ

(ဂ) ပြည်ထောင်စုတရားသူကြီးချုပ်က အမည်စာရင်း တင်သွင်းသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး နှစ်ဦး၊ — အဖွဲ့ဝင်များ

(ဃ) ဒုတိယရှေ့နေချုပ်၊ — အဖွဲ့ဝင်

(င) တရားလွှတ်တော်ရှေ့နေများက သတ်မှတ်ချက်နှင့်အညီ ရွေးကောက်တင်မြှောက်သည့် တရားလွှတ်တော်ရှေ့နေ လုပ်သက် အနည်းဆုံး ၁၅ နှစ်ရှိ တရားလွှတ်တော်ရှေ့နေ ၁၁ ဦး၊ — အဖွဲ့ဝင်များ

(စ) ပုဒ်မခွဲ(င)အရ ရွေးကောက်တင်မြှောက်ခံရသည့် တရားလွှတ်တော်ရှေ့နေများက ယင်းတို့ထဲမှ ရွေးကောက်တင်မြှောက်သည့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ပြီး သူမှအပဖြစ်သည့် တရားလွှတ်တော်ရှေ့နေ တစ်ဦး။ — အတွင်းရေးမှူး

၆။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ပါကိစ္စရပ်များအတွက် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ သဘောထားမှတ်ချက်ကိုရယူ၍ ဤအက်ဥပဒေနှင့်အညီ နည်းဥပဒေများ ထုတ်ပြန်နိုင်သည်-

(က) တရားလွှတ်တော်ရှေ့နေများကောင်စီတွင် အဖွဲ့ဝင်များအဖြစ် တရားလွှတ်တော်ရှေ့နေများထဲမှ ရွေးကောက်တင်မြှောက်နိုင်ရန် ရွေးကောက်ပွဲကျင်းပခြင်းနှင့် လစ်လပ်နေရာ ဖြည့်စွက်ခြင်းနည်းလမ်းများ၊

(ခ) ရွေးကောက်ပွဲကျင်းပရာတွင် ပေါ်ပေါက်သည့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ဆောင်ရွက်မည့် နည်းလမ်းများ၊

(ဂ) တရားလွှတ်တော်ရှေ့နေများကောင်စီတွင် ရာထူးအလျောက် အဖွဲ့ဝင်ဖြစ်သူမဟုတ်သည့် အမည်စာရင်း တင်သွင်းခံရသူနှင့် ရွေးကောက်ခံရသူများ၏ ရာထူးသက်တမ်းသတ်မှတ်ခြင်း၊

(ဃ) တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးများ ကျင်းပခြင်းနှင့် အစည်းအဝေးအထမြောက်ခြင်းကိစ္စရပ်များ၊

(င) တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ ရွေးကောက်တင်မြှောက်ခြင်းနှင့် ရာထူးသက်တမ်း သတ်မှတ်ခြင်း။"

၇။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၇ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ တရားလွှတ်တော်ရှေ့နေများကောင်စီသည် ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများနှင့်အညီ အောက်ပါကိစ္စရပ်များအတွက် အမိန့်ကြော်ငြာစာများ ထုတ်ပြန်နိုင်သည်-"

၈။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၈။(၁) ဤအက်ဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တရားလွှတ်တော်ရှေ့နေများ စာရင်းတွင် စာရင်းသွင်းထားခြင်းမရှိလျှင် မည်သူမျှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင် လိုက်ပါဆောင်ရွက်ခွင့် မရှိစေရ။"

၉။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၉ တွင်ပါရှိသော "နည်းဥပဒေများ" ဆိုသည့် စကားရပ်၏နောက်တွင် "အမိန့်ကြော်ငြာစာ" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၀။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော "တရားလွှတ်တော်တရားသူကြီးချုပ်" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုတရားသူကြီးချုပ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၁၄ တွင်-

(က) ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင်"

"(ခ) ပုဒ်မခွဲ (၂)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(၂) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပုဒ်မ ၁၅ အရ နည်းဥပဒေများထုတ်ပြန်ရာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင် လိုက်ပါဆောင်ရွက်ခွင့်ပြုနိုင်သော တရားလွှတ်တော်ရှေ့နေများလိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်ရမည်။ အဆိုပါ တရားလွှတ်တော်ရှေ့နေများသည် ယင်းစည်းကမ်းချက်များနှင့် အညီမှတစ်ပါး အမှုလိုက်ပါဆောင်ရွက်ခွင့် မရှိစေရ။"

၁၂။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ ပုဒ်မ ၁၅ တွင် -

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် အောက်ပါကိစ္စရပ်များအတွက် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ သဘောထားမှတ်ချက်ကိုရယူ၍ ဤအက်ဥပဒေနှင့်အညီ နည်းဥပဒေများ ထုတ်ပြန်နိုင်သည် -"

(ခ) ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့တွင် တရားလွှတ်တော်ရှေ့နေများ အမှုလိုက်ပါဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ"

(ဂ) ဘေးမှတ်စုကို အောက်ပါအတိုင်း အစားထိုးရမည် -

"တရားလွှတ်တော်ရှေ့နေများ၏ အခွင့်အရေးနှင့်တာဝန်များ"

၁၃။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၉။တရားလွှတ်တော်ရှေ့နေများကောင်စီသည် နေပြည်တော်တွင် ရုံးစိုက်သည်။"

၁၄။ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေပုဒ်မ ၁၉ ၏ နောက်တွင် ပုဒ်မ ၂၀၊ ပုဒ်မ ၂၁ နှင့် ပုဒ်မ ၂၂ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၂၀။ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၂၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်သည် တရားလွှတ်တော်ရှေ့နေများ ကောင်စီရုံးအဖွဲ့ကို တာဝန်ခံရမည်။

၂၂။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ ကျောက်မျက်အတွဲ ၄၉ တွဲကို ငွေကျပ် ၃၆၂ သန်းကျော်ဖြင့် ရောင်းချ

**နေပြည်တော် ဇွန် ၁၀**

မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသည့် ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိမဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် နံနက် ၉ နာရီမှစတင်၍ ကျောက်မျက်အတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ တင်ပြအတွဲ ၂၆၀ တွင် ၄၉ တွဲကို ငွေကျပ်သန်း ၃၆၂ ဒသမ ၀၉၉ သန်းဖြင့် ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် ကျောက်စိမ်းအတွဲများကို ဇွန် ၁၁ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချပေးသွားမည်ဖြစ်ပြီး ယနေ့တွင် ရတနာကုန်သည်များအနေဖြင့် မဏိရတနာကျောက်စိမ်းခန်းမနှင့် ခန်းမဝင်းအတွင်း နယ်မြေခွဲ၍ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများတွင် ထည့်သွင်းကြသည်။

ယခုကျင်းပသည့် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲ အမှတ်(၁)မှ အတွဲအမှတ် (၁၀၅၀)ထိ ၁၀၅၀ တွဲကို ဇွန် ၁၁ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ်(၁၀၅၁)မှ အတွဲအမှတ် (၂၁၀၀)ထိ ၁၀၅၀ တွဲကို ဇွန် ၁၂ ရက်တွင်လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ်(၂၁၀၁)မှ အတွဲအမှတ် (၃၁၀၈) ထိ ၁၀၀၈ တွဲကို ဇွန် ၁၃ ရက်တွင်လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲကို ပြည်တွင်းကုန်သည်ငယ်များ ကုန်ကြမ်းရရှိရန်နှင့် လုပ်ငန်းရှင်များ ဝင်ငွေရရှိရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပုတီး၊ လက်ကောက်များ ပြုလုပ်နိုင်ရန်အတွက် ကျောက်အမျိုးအစားမျိုးစုံ ရောင်းချလျက်ရှိကြောင်း သိရသည်။

**သတင်း-အောင်ရဲသွင်**
**ဓာတ်ပုံ-ကိုကိုလေး**



# အီတလီနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲ ကျင်းပ



**ရန်ကုန် ဇွန် ၁၀**

အီတလီနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း အမှတ် (၃၃) ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့်ဇနီးတို့ တက်ရောက်ကြသည်။

**စတင်ဖွင့်လှစ်**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် အီတလီနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး Mrs. Alessandra Schiavo နှင့် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# တောင်ငူခရိုင်အတွင်း ရွှေ့လျားစာကြည့်တိုက်ဝန်ဆောင်မှု ဆောင်ရွက်

**တောင်ငူ ဇွန် ၁၀**

ကလေးငယ်များ စာဖတ်စွမ်းရည် တိုးတက်မြင့်မားလာစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တောင်ငူခရိုင်ရုံးနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးပေါင်း၍ တောင်ငူမြို့ရှိ ကွင်းကျောင်းနှင့်ကောင်းမှုတော် အခြေခံပညာမူလတန်း(လွန်)ကျောင်း၊ ရေတာရှည်မြို့နယ်ရှိ အမှတ်(၁) ရပ်ကွက်နှင့် အမှတ်(၄) ရပ်ကွက် အလယ်တန်းကျောင်းခွဲတို့တွင် ရွှေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းမှ စတင်ပြုလုပ်သည်။

ရှေးဦးစွာ အဆိုပါ ကျောင်းအတွင်းရှိ ကျောင်းသား ကျောင်းသူများအား တက်ကြွလှုပ်ရှားမှုဖြစ်စေရန် ကဗျာများရွတ်ဆို၍ ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ပေးခဲ့ကြပြီး ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့(SVA)၊ တောင်ငူခရိုင်ရုံးနှင့် သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ရုံးတို့မှ မြို့နယ်ဦးစီးမှူးနှင့် လက်ပံတန်းမြို့နယ်မှ စာကြည့်တိုက်လက်ထောက်-၃ တို့က “ဧရာမ မုန်လာဥကြီး” ပုံပြင်၊ “ မစ္ဆတာကန်းဖီးခရီးထွက်ခြင်း” ပုံပြင်၊ “ကုရိ-ကုရာ” ပုံပြင်၊ ဘုတ်ပြားပြဇာတ်ဖြင့် “လ၏ အရသာ”၊ စက္ကူပြဇာတ်ဖြင့် “မိအေးချက်တဲ့ ဟင်းတစ်ခွက်”၊ “သဘာဝလက်ဆောင် သုံးရာသီ” ပုံပြင်တို့ဖြင့် ပုံပြင်ပြောခြင်း အစီအစဉ်များ ပြုလုပ်ရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား နားထောင်ကြည့်ရှုကြပြီးနောက် ရွှေ့လျားစာကြည့်တိုက် သုံးဘီးယာဉ်ပေါ်ရှိ စာအုပ်များအား စိတ်ဝင်တစား ဖတ်ရှုခဲ့ကြသည်။

ဆက်လက်ပြီး အဆိုပါကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ငှားရမ်းဖတ်ရှုနိုင်ရန် ရွှေ့လျားစာကြည့်တိုက် သုံးဘီးယာဉ်ပေါ်ရှိစာအုပ် ၁၁၇ အုပ်အား စာအုပ်ပုံးအတွင်း ထည့်သွင်းကာ စာကြည့်တိုက်တာဝန်ခံ ဆရာ ဆရာမများထံ တစ်လငှားရမ်းရန် လွှဲပြောင်းပေးအပ် ဆောင်ရွက်ပေးခဲ့ကြသည်။

ရွှေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို မြို့နယ်တစ်မြို့နယ်စီအလိုက် တစ်နှစ်တာအတွင်း ကျောင်း ၁၅ ကျောင်း ရွေးချယ်ထားပြီး တစ်လလျှင် ကျောင်းငါးကျောင်းရှိ မူလတန်းအဆင့် ကလေးငယ်များအား အဓိကထားဦးစားပေးကာ ရွှေ့လျားစာကြည့်တိုက်ဝန်ဆောင်မှု သုံးဘီးယာဉ်ဖြင့် ဂျပန်နိုင်ငံမှ လှူဒါန်းသည့်စာအုပ်များ၊ ထိုင်းနိုင်ငံမှ ဝယ်ယူသည့်ကလေးရုပ်ပြစာအုပ်များ၊ ရန်ကုန်မှထုတ်ဝေသည့် ကလေးရုပ်ပြစာအုပ်များ ၊ SVA မှ ထုတ်ဝေသည့် စာအုပ်များကို ငှားရမ်းဖတ်ရှုစေခြင်း၊ ရုပ်ပုံပါစာအုပ်ဖြင့် ပုံပြောခြင်း ၊ ဘုတ်ပြားပြဇာတ်နှင့် စက္ကူပြဇာတ်တို့ဖြင့် ပုံပြင်ပြောခြင်းအစီအစဉ်များ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၈ခုနှစ်၊ မေလ | | ၂၀၁၉ခုနှစ်၊မေလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၂၄၅၀၂ | ၁၇၃၇၇ | ၄၀၂၅၁ | ၁၅၉၇၇ | |
| ၂ | မန္တလေးလေဆိပ် | ၂၈၇၂ | ၃၁၁၈ | ၂၁၆၁၁ | ၄၀၁၈ | |
| ၃ | နေပြည်တော်လေဆိပ် | ၂၂၆ | ၃၀၀ | ၂၂၇ | ၃၄၄ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၃၉၃ | ၁၆၉ | ၃၉၅၉ | ၁၄၅ | |
| ၆ | မြဝတီ | ၉၅၈ | ၃၂၉ | ၉၄၉ | ၁၅၆၂ | |
| ၇ | ကော့သောင်း | ၁၁၃ | ၉၈ | ၂၀၇ | ၄၁ | |
| ၈ | ထီးခီး | ၁၄ | ၂၆ | ၂၄ | ၂၃ | |
| ၉ | တမူး | ၁၈ | ၈ | ၁၇၃ | ၁၃ | |
| ၁၀ | ရိခေါဒါရ် | ၀ | ၀ | ၉ | ၀ | |
| | စုစုပေါင်း | ၂၉၀၉၆ | ၂၁၄၂၅ | ၆၇၄၁၀ | ၂၂၁၂၃ | |

## အပြည်ပြည်ဆိုင်ရာလေဆိပ်/ရေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၄၆၆၉၃ | ၂၁၂၅၃ | ၆၇၉၄၆ | ၅၂၆၄၇ | ၂၁၀၀၅ | ၇၃၆၅၂ |
| ၂ | နိုဝင်ဘာ | ၆၃၅၂၉ | ၂၁၈၂၈ | ၈၅၃၅၇ | ၇၇၄၉၈ | ၂၁၄၈၂ | ၉၈၉၈၀ |
| ၃ | ဒီဇင်ဘာ | ၆၃၅၂၂ | ၁၉၆၁၉ | ၈၃၁၄၁ | ၈၂၄၇၄ | ၁၉၅၃၈ | ၁၀၂၀၁၂ |
| ၄ | ဇန်နဝါရီ | ၆၁၁၂၃ | ၂၀၄၈၅ | ၈၁၆၀၈ | ၉၃၁၂၅ | ၁၈၆၈၉ | ၁၁၁၈၁၄ |
| ၅ | ဖေဖော်ဝါရီ | ၅၇၄၅၀ | ၁၈၅၈၁ | ၇၆၀၃၁ | ၁၀၀၁၄၅ | ၂၃၉၄၉ | ၁၂၄၀၉၄ |
| ၆ | မတ် | ၅၁၄၆၁ | ၂၅၆၅၀ | ၇၇၁၁၁ | ၉၅၉၃၂ | ၂၃၆၉၃ | ၁၁၉၆၂၅ |
| ၇ | ဧပြီ | ၃၁၁၉၈ | ၂၀၃၉၂ | ၅၁၅၉၀ | ၇၁၁၄၈ | ၂၂၈၄၈ | ၉၃၉၉၆ |
| ၈ | မေ | ၂၉၀၉၆ | ၂၁၄၂၅ | ၅၀၅၂၁ | ၆၇၄၁၀ | ၂၂၁၂၃ | ၈၉၅၃၃ |
| | စုစုပေါင်း | ၄၀၄၀၇၂ | ၁၆၉၂၃၃ | ၅၇၃၃၀၅ | ၆၄၀၃၇၉ | ၁၇၃၃၂၇ | ၈၁၃၇၀၆ |

# သတင်းလမ်းညွှန်

## တက္ကသိုလ်များဓမ္မာရုံ၌ တစ်ရက်အထူးတရားစခန်း ဖွင့်လှစ်မည်

ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးမြင့်အောင်က တစ်ရက်အထူးတရားစခန်းကို ဇွန် ၂၉ ရက် (စနေနေ့) နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် လှည်းတန်းရှိ ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓနည်းလမ်းကျ လွယ်ကူရိုးရှင်းသောနည်းဖြင့် ဘဝတစ်ခု၌ တန်ဖိုးရှိအောင် နေထိုင်တတ်ရေး၊ သောကကင်းဝေးနေနိုင်ရေး၊ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ရေးနှင့် ဘဝနိဂုံးသေခါနီး ရှုမှတ်ရမည့်နည်းလမ်းများကို တစ်ရက်အထူးတရားစခန်း ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးမြင့်အောင် (A.G.T.I (MT), B.E Mech. M.O.T 1st Class Part A) က ဟောကြားပြသကျေးဇူးဆပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တစ်နေ့တာအာဟာရဒါနများအဖြစ် အပူ၊ အအေး၊ မုန့်မျိုးစုံ၊ ဘေးမဲ့မေတ္တာအာဟာရဆွမ်းတို့ဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ တရားစာရွက်စာတမ်းစာအုပ်များ ပြည့်စုံအောင် လှူဒါန်းပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါ အလှူတို့တွင် အတူတကွ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၅) ကြိမ်မြောက် မြန်မာ-တရုတ်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီအစည်းအဝေး ကျင်းပမည်

(၅)ကြိမ်မြောက် မြန်မာ-တရုတ်စီးပွားရေး၊ ကုန်သွယ်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မတီအစည်းအဝေး (5th China-Myanmar Joint Committee Meeting on Economic, Trade and Technical Cooperation) ကို ဇွန် ၁၂ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်လူမော်**

## Documentary Film နှင့် Animation ပေါင်းစပ်ခြင်းဆိုင်ရာ ရုပ်ရှင်အထူးပြသင်တန်း ဖွင့်လှစ်မည်

Documentary Film နှင့် Animation ပေါင်းစပ်ခြင်းဆိုင်ရာ ရုပ်ရှင်အထူးပြုသင်တန်းကို ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ် (၅၀) ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်ပြခန်းမ၌ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ သင်တန်းကို ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ရန်ကုန်ရုပ်ရှင်ကျောင်းနှင့် ဩစတြေးလျနိုင်ငံသံရုံးတို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ဩစတြေးလျနိုင်ငံ EoR Media: Enemies of Reality Films ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ Marisa Matrin က Documentary Film ရိုက်ကူးထုတ်လုပ်မှုများတွင် အတိတ်အကြောင်းအရာများ၊ စိတ်ကူးစိတ်သန်းများနှင့် အရှိအတိုင်းရိုက်ကူးရန် မလွယ်ကူသောအရုပ်များအတွက် Animation ပြုလုပ်ကာ အစားထိုးတင်ဆက်နိုင်သည့် Documentary Film နှင့် Animation ပေါင်းစပ်ခြင်းဆိုင်ရာ သဘောတရားများကို သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အိုလံပစ်နေ့အထိမ်းအမှတ် လျှပ်တစ်ပြက်တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် လျှပ်တစ်ပြက်တင်းနစ်ပြိုင်ပွဲကို ဇွန် ၂၂ ရက် (စနေနေ့) နံနက် ၈ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းရှိ သိမ်ဖြူတင်းနစ်အားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားမှာ နှစ်ယောက်တွဲပြိုင်ပွဲဖြစ်သည့် အုပ်စု (A)(B) ခွဲထားပြီး ပြိုင်ပွဲဝင် ကျား/မ အားကစားသမားများကို မဲစနစ်ဖြင့်တွဲပေးကာ အသက်ကန့်သတ်ချက်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် ဆုများကို ချီးမြှင့်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၀၉ ၂၅၄၂၇၂၂၃၄၊ ၀၉၂၅၀၁၈၇၀၄၀ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း သိရသည်။

**အောင်သူရ**

# အက်စ်-၄၀၀ အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ် ဝယ်ယူရန်စီစဉ်ထားခြင်း မရှိဟု အီရန်ငြင်းဆို




**တီဟီရန် ဇွန် ၁၀**

အီရန်နိုင်ငံက ရုရှားထံမှ အက်စ်-၄၀၀ အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ်အား ဝယ်ယူရန် အစီအစဉ်ရှိသည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန် ၁၀ ရက်တွင် ငြင်းဆိုခဲ့သည်။

ရုရှားထံမှ အက်စ်-၄၀၀ အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ်အားဝယ်ယူရန် အီရန်နိုင်ငံက မည်သည့်အဆိုပြုမှုမျှမပြုလုပ်ခဲ့ကြောင်း အီရန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာဘတ်စ်မူဆာဗီက ဇွန် ၁၀ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အီရန်နိုင်ငံပြည်တွင်းမှ ထုတ်လုပ်သည့် ဒုံးကျည်ကာကွယ်ရေးစနစ်သည် နိုင်ငံတော်အတွက် ယုံကြည်အားထားရခြင်းကြောင့် အီရန်နိုင်ငံအတွက် အက်စ်-၄၀၀ အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ်များ မလိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်နိုင်ငံသည် ရုရှားထံမှ အက်စ်-၃၀၀ အမျိုးအစား မြေပြင်မှဝေဟင်ပစ် ဒုံးကျည်ကာကွယ်ရေးစနစ်အား ဝယ်ယူခဲ့ပြီးဖြစ်သည်။

အီရန်နိုင်ငံက အက်စ်-၃၀၀ အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ်ထက် ပိုမိုခေတ်မီသည့် ဒုံးကျည်ကာကွယ်ရေးစနစ်ကို ပုံစံထုတ်လုပ် တည်ဆောက်ပြီးဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဘာဗာ-၃၇၃ ဟု အမည်ပေးထားသည့် အီရန်ပြည်တွင်းလုပ် ဒုံးကျည်ကာကွယ်ရေးစနစ်သည် ရုရှား၏ အက်စ်-၃၀၀ အမျိုးအစား ဒုံးကျည်ကာကွယ်ရေးစနစ်ထက် နည်းပညာအရ ပိုမိုခေတ်မီဆန်းသစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

အီရန်ပြည်တွင်း၌ ထုတ်လုပ်သည့် ခိုဒတ်-၁၅ အမည်ရှိ ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုကို ဇွန် ၉ ရက်က ထုတ်ဖော်ပြသခဲ့သည်။ ယင်းဒုံးကျည်စနစ်သည် ဝင်ရောက်လာသည့် ပစ်မှတ်ခြောက်ခုကို ပစ်ခတ်နိုင်စွမ်းရှိသည်။ ယင်းဒုံးကျည်ကာကွယ်ရေးစနစ်မှာ ကျူးကျော်ရန်စလာသည့် ရန်သူ့ဂျက်တိုက်လေယာဉ်နှင့် မောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ်များကို ကီလိုမီတာ ၁၅၀ အကွာတွင် ထောက်လှမ်းနိုင်ပြီး ကီလိုမီတာ ၁၂၀ အကွာတွင် ယင်းတို့၏ လမ်းကြောင်းကိုရေဒါဖြင့် ရှာဖွေနိုင်စွမ်း ရှိသည်။

**ဆင်ဟွာ**

## အိုင်အက်စ်အဖွဲ့ဝင် မိသားစုဝင်များမှ ပြင်သစ်နှင့် ဒတ်ချ် မိဘမဲ့ကလေးများအား ကာ့ဒ်အုပ်ချုပ်ရေးအဖွဲ့မှ သက်ဆိုင်ရာအစိုးရကိုယ်စားလှယ်များထံ လွှဲပြောင်း

**ဒမတ်စကတ် ဇွန် ၁၀**

အိုင်အက်စ်အဖွဲ့ဝင်မိသားစုများက ပြင်သစ်လူမျိုးမိဘမဲ့ကလေး ၁၂ ဦးနှင့် ဒတ်ချ်လူမျိုးကလေးနှစ်ဦးကို သက်ဆိုင်ရာအစိုးရကိုယ်စားလှယ်အဖွဲ့များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဆီးရီးယား ကာ့ဒ် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံအရှေ့မြောက်ပိုင်းတွင် ကာ့ဒ်အုပ်ချုပ်ရေးအဖွဲ့က ပြင်သစ်မိဘမဲ့ကလေး ၁၂ ဦးနှင့် ဒတ်ချ်မိဘမဲ့ကလေးနှစ်ဦးတို့အား သက်ဆိုင်ရာအစိုးရကိုယ်စားလှယ်အဖွဲ့များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ ၎င်းကလေးငယ်များသည် အိုင်အက်စ် တိုက်ခိုက်ရေးသမားမိသားစုများမှ မွေးဖွားလာသူများဖြစ်ကြောင်း ကာ့ဒ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံအတွင်းရှိ အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)နှင့် အိုင်အက်စ် အိုင်အယ်လ် သို့မဟုတ် အိုင်အက်စ်အိုင်အက်စ် တိုက်ခိုက်ရေးသမားများနှင့် မိသားစုဝင်များ ထောင်ပေါင်းများစွာ ခိုလှုံနေသည့် စခန်းများတွင် ၎င်းကလေးငယ်များ နေထိုင်ကြခြင်းဖြစ်ကြောင်း မကြာသေးမီက ၎င်းအိုင်အက်စ်တိုက်ခိုက်ရေးသမားများကို ချေမှုန်းခဲ့အပြီးတွင် ယင်းစခန်းများ၌ ခိုလှုံသူများမှာ စခန်းများကို စွန့်ခွာထွက်ပြေးသွားကြခြင်းဖြစ်သည်။

အိုင်အက်စ်အိုင်အယ်လ်တိုက်ခိုက်ရေးသမားများ၏ ဇနီးများနှင့် ကလေးများမှာ အယ်လ်ဟူးစခန်းမှ နေအိမ်များသို့ ပြန့်နှံ့ခဲ့ကြသည်။

ကာ့ဒ်တာဝန်ရှိသူများက ပြင်သစ်လူမျိုး မိဘမဲ့ကလေး ၁၂ ဦးကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အဖွဲ့ထံ လွှဲအပ်ခဲ့ကြောင်း နိုင်ငံခြားရေးဌာန အထက်တန်းတာဝန်ရှိသူ အဗ္ဗဒူကာရင်အိုမာက ဇွန် ၁၀ ရက်တွင် ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြသည်။

ယင်းကလေးငယ်များကို အင်းလက်ဆာမြို့တွင် ဇွန် ၉ ရက်က လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပြီး နယ်သာလန်အစိုးရကိုယ်စားလှယ်အဖွဲ့ထံသို့ ဒတ်ချ်လူမျိုးကလေးနှစ်ဦးကိုလည်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**အေအက်ဖ်ပီ**





## ကာဇက်စတန်တွင် ရွေးကောက်ပွဲ ဆန့်ကျင်ဆန္ဒပြ ဆန္ဒပြသမား ၅၀၀ ကို ရဲတပ်ဖွဲ့က ဖမ်းဆီး

**နျူအာ-ဆူလ်တန် ဇွန် ၁၀**

ကာဇက်စတန်နိုင်ငံတွင် ဇွန် ၉ ရက်က သမ္မတရွေးကောက်ပွဲအပေါ် ဆန့်ကျင်ဆန္ဒပြကြသည့် ဆန္ဒပြသမားရာပေါင်းများစွာကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း၊ ဆန္ဒပြသမားများက သမ္မတရွေးကောက်ပွဲသည် တရားမျှတမှုမရှိသည့် ရွေးကောက်ပွဲဟု ပြောကြားခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ကာဇက်စတန်နိုင်ငံအား နှစ်ပေါင်း ၃၀ နီးပါးမျှ အုပ်စိုးခဲ့သည့် သမ္မတ နျူဆူလ်တန်နာဇာဘားရက်ဗ်သည် ယခုနှစ်မတ်လအတွင်းက ရာထူးမှနုတ်ထွက်ခဲ့ပြီးနောက် ရွေးကောက်ပွဲတစ်ရပ်ကျင်းပရန် တောင်းဆိုခဲ့သည်။

ကာဇက်စတန်ကြားဖြတ်သမ္မတ ကက်ဆန်တိုမာ တိုကာယက်ဗ်သည် ရာထူးမှ နုတ်ထွက်သွားသည့်သမ္မတဟောင်း နျူဆူလ်တန်နာဇာဘားရက်ဗ်၏ ထောက်ခံအားပေးမှုကိုရရှိထားသူဖြစ်ပြီး သမ္မတရွေးကောက်ပွဲတွင် ၎င်းအနိုင် ရရှိလိမ့်မည်ဟု များစွာမျှော်လင့်ထားသည်။

ကာဇက်စတန်ပြည်သူများက ကြားဖြတ်သမ္မတ ကက်ဆန်တိုမာ တိုကာယက်ဗ် ရွေးကောက်ပွဲဝင်ရောက်ခြင်းအပေါ် ကျေနပ်ခြင်းမရှိဘဲ ယင်းသို့ ဝင်ရောက်ခြင်းအား ဆန့်ကျင်သည့် ဆန္ဒပြပွဲများကို မြို့တော် နျူအာ-ဆူလ်တန်နှင့် နိုင်ငံတောင်ပိုင်းရှိ စီးပွားရေးမြို့တော် အယ်လ်မာတီတို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မြို့တော်နျူအာ-ဆူလ်တန်တွင် ကာဇက်စတန်ရဲတပ်ဖွဲ့ဝင်များက လမ်းများကို ပိတ်ဆို့ခဲ့ပြီး ဆန္ဒပြသမားများကို ရဲတပ်ဖွဲ့ဝင်မော်တော်ယာဉ်များပေါ် ဆွဲတင်ခဲ့သည်။

ခွင့်ပြုချက်မရှိဘဲ စုဝေးမှုပြုလုပ်ခဲ့သည့်ဆန္ဒပြသမား ၅၀၀ ခန့်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ကာဇက်စတန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ဝါရှင်တန်၌ ဂျပန်နှင့် အမေရိကန်တို့ ကုန်သွယ်ရေးဆွေးနွေးပွဲများ ပြုလုပ်မည်

**ဝါရှင်တန် ဇွန် ၁၀**

ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ တာဝန်ရှိသူများသည် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ဦးတည်စေမည့် တိုးတက်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် ဝါရှင်တန်၌ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲများကျင်းပမည်ဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

အဆိုပါကုန်သွယ်ရေးဆွေးနွေးပွဲတွင် လယ်ယာထုတ်ကုန်များနှင့် မော်တော်ယာဉ်များအပေါ် ကောက်ခံမည့်အခွန်စည်းကြပ်မှုများ အပါအဝင် အဓိကအကြောင်းအချက်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဂျပန်နိုင်ငံတာဝန်ရှိသူများတက်ရောက်ကြမည်ဖြစ်သည်။

### ဆန္ဒရှိနေ

အမေရိကန်နိုင်ငံအနေဖြင့် မော်တော်ယာဉ်များနှင့် အခြားသောထုတ်ကုန်များအပေါ် ကောက်ခံသည့်အခွန်စည်းကြပ်မှုများကို လျှော့ချပေးရန်လည်း ဂျပန်နိုင်ငံက ဆန္ဒရှိနေသည်။ အမေရိကန်ကလည်း ဂျပန်နိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာအခွန်ကောက်ခံမှုများကို ဖြတ်တောက်ပေးရန် တောင်းဆိုထားသည်။

ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့အကြား အဆင့်မြင့်ဆွေးနွေးပွဲ များကို ဝါရှင်တန်၌ ဇွန် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဂျပန်နိုင်ငံ၏ ပစိဖိတ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် ဂျပန်-အမေရိကန်ကုန်သွယ်ရေးညှိနှိုင်းရေးမှူး တိုရှိမီဆူမိုတီဂီနှင့် အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် ရောဘတ်လစ်သီဇာတို့ တက်ရောက်မည်ဖြစ်သည်။ ဂျပန်နှင့် အမေရိကန်တို့သည် ကုန်သွယ်ရေးဆွေးနွေးပွဲများ၏ နိဂုံးနှင့်စပ်လျဉ်းသည့် အချိန်ဇယားကိုလည်း ဆွေးနွေးရန်မျှော်လင့်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ယခုနှစ် ပထမလေးလအတွင်း အင်ဒိုနီးရှားသို့ ပြည်ပခရီးသွား ငါးသန်းကျော် လာရောက်လည်ပတ်



**ဂျကာတာ ဇွန် ၁၀**

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ လာရောက်သည့် ပြည်ပခရီးသွားဦးရေမှာ ၅ ဒသမ ၁၂ သန်းထိ ရောက်ရှိခဲ့ပြီး နှစ်အလိုက် ၃ ဒသမ ၂၂ ရာခိုင်နှုန်း အထိ မြင့်တက်လာခဲ့ကြောင်း အင်ဒိုနီးရှားအမျိုးသား စာရင်းအင်းဗျူရိုက ယနေ့ကြေညာခဲ့သည်။

**အများဆုံးလာရောက်**

"အင်ဒိုနီးရှားနိုင်ငံကို လာရောက်လည်ပတ်တဲ့ ပြည်ပခရီးသွားအရေအတွက်က ဆက်လက်မြင့်တက်လာပြီး ဒေသခံအသိုင်းအဝိုင်းတွေအတွက် ဝင်ငွေပိုမိုရရှိစေဖို့ အထောက်အကူဖြစ်စေမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်" ဟု အင်ဒိုနီးရှား အမျိုးသားစာရင်းအင်းဗျူရို အကြီးအကဲ ကီကွတ်ခ်ဆူဟာရီရန်တိုက ပြောကြားခဲ့သည်။ ဧပြီလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ အများဆုံး လာရောက်ခဲ့သည့် ပြည်ပခရီးသွားများမှာ မလေးရှား၊ တရုတ်၊ စင်ကာပူ၊ တီမောလက်စ်တေနှင့် သြစတြေးလျ နိုင်ငံတို့မှဖြစ်ကြောင်း ၎င်းကဆိုသည်။

**ရည်မှန်းချက်ပြည့်မီ**

၂၀၁၈ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံသို့လာရောက်သည့် ပြည်ပခရီးသွားအရေအတွက်မှာ ၁၅ ဒသမ ၈၁ သန်းရှိခဲ့ရာ ယခုနှစ်အတွင်း သန်း ၂၀ ထိရောက်ရှိရေး ရည်မှန်းချက်ပြည့်မီရန် အင်ဒိုနီးရှားနိုင်ငံက မျှော်လင့်လျက်ရှိသည်။


**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# အာဟာရချို့တဲ့သော ကင်ညာကလေး ၅၀၀၀၀ အား ကုသပေးရန် ကန်ဒေါ်လာ ၆ သန်း အမေရိကန် ပံ့ပိုးပေးမည်

**နိုင်ရိုဘီ ဇွန် ၁၀**

အမေရိကန်ပြည်ထောင်စုသည် အာဟာရချို့တဲ့သော ကင်ညာနိုင်ငံရှိ အသက်ငါးနှစ်အောက် ကလေး ၅၀၀၀၀ ခန့်အား ကုသပေးရန်အတွက် ကုလသမဂ္ဂအေဂျင်စီများမှ တစ်ဆင့် အမေရိကန်ဒေါ်လာ ခြောက်သန်းခန့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း နိုင်ငံတကာဖွံ့ဖြိုးရေးဆိုင်ရာ အမေရိကန်အေဂျင်စီ(USAID) က ပြောကြားသည်။

ကုလသမဂ္ဂအေဂျင်စီများဖြစ်သည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(UNICEF)တို့သည် ကင်ညာကလေးငယ်များတွင် ဖြစ်ပွားနေသော အာဟာရချို့တဲ့မှုများအား ကုသပေးရန်အတွက် လာမည့်လများတွင် အမေရိကန်ဒေါ်လာသုံးသန်းစီ လက်ခံရရှိမည်ဖြစ်ကြောင်း၊ ယင်းထောက်ပံ့ငွေများဖြင့် ကင်ညာနိုင်ငံတွင် ထုတ်လုပ်သည့် အထူးထုတ်ကုန်များကို ဝယ်ယူပြီး အာဟာရချို့တဲ့



သောကင်ညာကလေးသူငယ်များကို ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း အမေရိကန်ဖွံ့ဖြိုးရေးအေဂျင်စီက ပြောကြားသည်။

ထို့အပြင် အမေရိကန်ဖွံ့ဖြိုးရေးအေဂျင်စီ၏ လုပ်ဖော်ကိုင်ဖက်များသည် အာဟာရချို့တဲ့မှုဒဏ်ခံရသူများ၏ သက်မွေးမှုကို ကာကွယ်ပေးရန်အတွက် အစားအစာ၊ ငွေကြေးထောက်ပံ့မှု၊ သောက်သုံးရေ၊ မိလ္လာစနစ်၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးဆိုင်ရာ အကူအညီများကိုလည်း ပံ့ပိုးပေးရန် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကင်ညာနိုင်ငံအတွင်း ပျမ်းမျှမိုးရေချိန် နှစ်နှစ်ဆက်တိုက် နိမ့်ကျလာခဲ့ပြီးနောက် မိုးနည်းရေရှားဒေသ ၂၃ ခု အနက် ၂၀ ခုရှိ အိမ်ထောင်စုများသည် ပိုမိုဆိုးရွားလာသောအခြေအနေနှင့်ကြုံတွေ့ခဲ့ရသလို အစားအစာ ရရှိမှုလျော့နည်းလာခြင်းနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ကင်ညာပြည်သူ ၁ ဒသမ ၆ သန်းခန့်သည် ယခုဇွန်လအတွင်း အစားအစာအကူအညီ အရေးပေါ်လိုအပ်လျက်ရှိကြောင်း အမျိုးသားမိုးခေါင်မှုစီမံခန့်ခွဲရေး အာဏာပိုင်နှင့် ကင်ညာအစားအစာဖူလုံမှုပံ့ပိုးအဖွဲ့က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# နယူးဇီလန်တပ်ဖွဲ့ဝင်များအားလုံး တစ်နှစ်အတွင်း အီရတ်မှ ရုပ်သိမ်းရန် စီစဉ်

**ဝယ်လင်တန် ဇွန် ၁၀**

နောက်နှစ် ဇွန်လထက်နောက်မကျဘဲ အီရတ်နိုင်ငံရှိ တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းမည်ဖြစ်ကြောင်း နယူးဇီလန်နိုင်ငံက ပြောကြားသည်။

နယူးဇီလန်နိုင်ငံက ဘဂ္ဂဒက်မြို့တော် အနောက်မြောက်ဘက် တာဂျီစစ်သင်တန်းကျောင်း၌ ဖြန့်ကြက်ထားသော တိုက်ခိုက်ရေးမဟုတ်သည့် တပ်ဖွဲ့ဝင် ၉၅ ဦးဖြင့် ဖွဲ့စည်းထားသော တပ်ဖွဲ့ငယ်တစ်ဖွဲ့ရှိပြီး အီရတ်လုံခြုံရေးတပ်ဖွဲ့များကို လေ့ကျင့်ပေးရန် ယင်းတပ်ဖွဲ့အား တာဝန်ပေးအပ်ထားသည်။ အဆိုပါ လေ့ကျင့်ရေးတာဝန်ကို တာဂျီ၌ တပ်ဖွဲ့ဝင် ၃၀၀ ခန့် ဖြန့်ကြက်ခဲ့သည့် သြစတြေးလျနိုင်ငံနှင့် ပူးတွဲဆောင်ရွက်ခြင်းဖြစ်သည်။ တာဂျီစစ်ဘက် အခြေစိုက်စခန်းရှိ ရေရှည်စီမံချက်များနှင့်ပတ်သက်၍ မည်သည့်ကြေညာချက်မျှ သြစတြေးလျနိုင်ငံက ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

အီရတ်နိုင်ငံရှိ နယူးဇီလန်တပ်ဖွဲ့ အရေအတွက်ကို တပ်ဖွဲ့များအားလုံး မရုပ်သိမ်းမီ ဇူလိုင် လတွင် ၇၅ ဦးနှင့် လာမည့်နှစ် ဇန်နဝါရီလတွင် ၄၅ ဦးထိ လျှော့ချမည်ဟု နယူးဇီလန်ဝန်ကြီးချုပ် ဂျာဆင်ဒါအာဒန်က ဇွန် ၉ ရက်တွင် ပြောကြားခဲ့သည်။ နယူးဇီလန်နိုင်ငံက အာဖဂန်နစ္စတန်နိုင်ငံ၌ တာဝန်ပေးထားသည့် တပ်ဖွဲ့ဝင်အရေအတွက်ကို ၁၃ ဦးမှ ၁၁ ဦးထိ လျှော့ချမည်ဖြစ်ကြောင်း ၎င်းက ကြေညာခဲ့သည်။

**ကိုးကား-ပီတီအိုင်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# အင်ဒိုနီးရှားတွင် ရေကြီးမှုနှင့် မြေပြိုမှုကြောင့် လူတစ်ဦးသေဆုံး၊ ၂၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်

**ဂျကာတာ ဇွန် ၁၀**

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း အနောက်ကာလီမန်တန်ပြည်နယ်တွင် ဇွန် ၇ ရက်က ဖြစ်ပွားသည့် မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဒေသခံပြည်သူတစ်ဦး သေဆုံးပြီး ၂၀၀၀ ကျော် ဘေးလွတ်ရာအရပ်သို့ စွန့်ခွာခဲ့ရကြောင်း အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဇွန် ၇ ရက်က ဖြစ်ပွားသည့် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လန်ဒါ့ခ်ခရိုင်တွင် သဘာဝဘေးဒဏ်များ ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း သဘာဝဘေးဒဏ် စီမံခန့်ခွဲရေးဆိုင်ရာ အေဂျင်စီအကြီးအကဲ ဘန်ဒါကိုလာဂါက ပြောကြားသည်။



သဘာဝဘေးဒဏ်သင့် ပြည်သူများသည် ခိုလှုံရာနေရာများ သို့မဟုတ် ၎င်းတို့ဆွေမျိုးများ၏ နေအိမ်များတွင် လောလောဆယ် နေထိုင်လျက်ရှိကြကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အင်ဒိုနီးရှား သဘာဝဘေးအန္တရာယ်ဒဏ် တုံ့ပြန်ရေးဆိုင်ရာ တာဝန်ရှိသူများသည် အစားအစာများ၊ ဆေးဝါးများနှင့် အခြားလိုအပ်သည့်အကူအညီများ ပံ့ပိုးပေးခြင်း အပါအဝင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် လုပ်ဆောင်ပေးလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

**✽ အမျိုးသမီးလိဂ်ပြိုင်ပွဲမှ**

အား/ကာသိပ္ပံအသင်းသည် ယင်းပြိုင်ပွဲတွင် ပထမဆုံးဗိုလ်စွဲခဲ့ပြီး မြဝတီအသင်း၏ သုံးရာသီဆက် ဗိုလ်စွဲနိုင်ရေး မျှော်လင့်ချက်အဆုံးသတ်ခဲ့ရသည်။ မြဝတီနှင့် သစ္စာအားမာန်အသင်းတို့ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တတိယဆုရ သစ္စာအားမာန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၅၀၊ ဒုတိယဆုရ မြဝတီအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၁၀၀၊ ပထမဆုရ အား/ကာသိပ္ပံအသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၁၅၀ နှင့် ချန်ပီယံဆုဖလားတို့ကို အာရှဘောလုံးအဖွဲ့ချုပ်ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးလိဂ်ကော်မတီဥက္ကဋ္ဌ ဦးလှဌေး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ AYA Bank ဒု-ဥက္ကဋ္ဌ ဒေါ်ဌေးဌေးခိုင်၊ KBZ Bank Deputy Managing Director ဒေါ်မြင့်မြင့်ချိုနှင့် ဒေါ်စန်းစန်း (Win & San Co.,Ltd.)၊ ဒေါ်ရင်ရင်ရွှေ (New Star Co.,Ltd.)၊ အား/ကာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်၊ စိန်ဂေဟာကုမ္ပဏီလီမိတက် ဒါရိုက်တာ ဦးဝေယံလင်း၊ Super Power Co.,Ltd. မှ ဒေါ်မိမိနှင့် ဒေါ်နန္ဒာဝေဒီနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ပြီး အား/ကာသိပ္ပံအသင်းက ၃၇ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ကာ မြဝတီအသင်းက ၃၅ မှတ်ဖြင့် ဒုတိယ၊ သစ္စာအားမာန်အသင်းက ၃၂ မှတ်ဖြင့် တတိယ၊ YREO အသင်းက ၂၂ မှတ်ဖြင့် စတုတ္ထ၊ အား/ကာဦးစီးဌာနအသင်းက ၁၇ မှတ်ဖြင့် အဆင့် (၅)၊ ဇွဲကပင်အသင်းက ၁၅ မှတ်ဖြင့် အဆင့် (၆)၊ ဂန္ဓမာအသင်းက ခြောက်မှတ်ဖြင့် အဆင့်(၇) ရခဲ့သည်။ တက္ကသိုလ်အသင်းမှာ အမှတ်မရဘဲ ဇယားအောက်ဆုံး၌ ရပ်တည်ခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-ဘုန်းသော်**

**☆ ကျောဖုံးမှ**

မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ အားကစားသမားများသည် နေပြည်တော်၌ ဇွန် ၁၉ ရက်တွင် ကွင်းတွင်းပြိုင်ပွဲများ ပြီးဆုံးပြီး ဇွန် ၂၁ ရက်တွင် မာရသွန်လူရွေးပွဲနှင့် ဇွန်နောက်ဆုံးအပတ်နှင့်ဇူလိုင်ပထမပတ်တွင် အပြီးသတ်လူစာရင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဗလစိုး**

# လွယ်ဂျယ်၊ ပုသိမ်ကြီး၊ လောက်ကိုင်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



လဆန်(ခ)မာခမ်း၊ နော်ထွယ်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၀**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၉ ရက် ည ၉ နာရီခန့်က မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့ လွယ်ဂျယ်-မန်ကောင်းသွား ကားလမ်းပေါ်တွင် လဆန်(ခ)မာခမ်း မောင်းနှင်ပြီး နော်ထွယ် လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၃၃၄ သိန်း တန်ဖိုးရှိ ဘိန်းဖြူ ၁ ဒသမ ၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် (၁၆)မိုင် ကျောက်ချော စစ်ဆေးရေးစခန်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မဂ္ဂါဆိုင်းကိုင်နှင့် လထော်ဂွန်မန်ဒူတို့ထံမှ ငွေကျပ် ၁၁၈၁ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၊ ဘိန်းဖြူ ၃၃၀ ဂရမ်နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲတွင် တပ်မတော်က လောက်ကိုင်မြို့နယ် တာရွှေထန်ကျေးရွာအုပ်စု ကြာစီရှူးကျေးရွာနေ ကျောက်လော်ဖာနေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခုတင်အောက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၇၅ ပြား သိမ်းဆည်းရမိခဲ့ပြီး အလားတူ ကြာစီရှူးကျေးရွာ အပြင်ဘက်ရှိ တောင်ယာတဲဟောင်းကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၂၅ ပြားထပ်မံ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ဒဂုံမြို့သစ်မြို့နယ်တွင် ပျားတူကောင်တုပ်၍ အမျိုးသမီးတစ်ဦး သေဆုံး

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၂) ရပ်ကွက်တွင် ပျားတူ(ပဒူ)ကောင်များတုပ်၍ အမျိုးသမီးတစ်ဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၂)ရပ်ကွက်နေ ဒေါ်အေးအေးသန်းသည် ဇွန် ၈ ရက် ညနေ ၅ နာရီခန့်တွင် မြခင်းသာလမ်းနှင့် ဦးကြင်ဥလမ်းထောင့်သို့ ဖြတ်သွားစဉ် ကလေးများက လမ်းထောင့်ရှိ ကုက္ကိုပင်အခေါင်းအတွင်းရှိ ပျားတူ(ပဒူ)အုံအား ခဲဖြင့်ပစ်ပေါက်ထွက်ပြေးစဉ် လမ်းလျှောက်လာသော ဒေါ်အေးအေးသန်းနှင့် ကလေးတစ်ဦးအား တုပ်မိခြင်းဖြစ်ကြောင်း သိရသည်။

ဒေါ်အေးအေးသန်း၏ မျက်နှာနှင့် ခြေထောက်တို့တွင် ပျားတူ(ပဒူ)ကောင်များ အတုပ်ခံရပြီး ပျားတူ(ပဒူ)ကောင်တုပ်သည့်နေရာများကို ဆေးလူးခဲ့သော်လည်း ဇွန် ၉ ရက် ညနေ ၅ နာရီခွဲခန့်တွင် ဒေါ်အေးအေးသန်းမှာ သေဆုံးသွားကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ရေဦးနှင့် ပေါင်မြို့နယ်တို့တွင် မီးလောင်မှုဖြစ်ပွား

**ရေဦး ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ဗိုလ်ရုံကျေးရွာတွင် ယနေ့ နံနက် ၁ နာရီ မိနစ် ၂၀ က ဒေါ်ငွေခိုင်၏နေအိမ် မီးကြွင်းမီးကျန်မှ ထရံသို့ကူးစက်ပြီး နေအိမ်နှစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဒေါ်ငွေခိုင်အား ရေဦးမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

**ပေါင်**

သထုံခရိုင် ပေါင်မြို့နယ် ကဒုံစီးရပ် ဆံတိုက်ပိုင်း ရန်ကုန်-မော်လမြိုင်လမ်းဘေးတွင် ယနေ့မွန်းလွဲ ၁ နာရီ ၅ မိနစ်က ဦးငွေအောင်၏ သွပ်မိုး၊ ပျဉ်ကာနေအိမ်အတွင်း လျှပ်စစ်မီးဖိုမှတစ်ဆင့် အိမ်အဖီနံရံနှင့်အမိုးသို့ မီးကူးစက်ခဲ့ပြီး နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ပါ၍ ဦးငွေအောင်၏ နေအိမ်တွင် အိမ်စောင့်ဖြစ်သူ ဦးစိန်အောင်မင်းအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဇင်မျိုးသူ**

# ပခုက္ကူ၌ မသင်္ကာဖွယ်ဆိုင်ကယ်တစ်စီးဖမ်းမိရာမှ ဆိုင်ကယ် ၁၅ စီး ဖော်ထုတ်ရမိ

**ပခုက္ကူ ဇွန် ၁၀**

ပခုက္ကူမြို့နယ် မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့သည် ဇွန် ၉ ရက် နံနက် ၁ နာရီခန့်က လှည့်ကင်းဆောင်ရွက်စဉ် ပခုက္ကူမြို့အမှတ်(၁)ရပ်ကွက် မြို့မဈေးအရှေ့ဘက်တန်ဆောင်တိုင်လမ်းပေါ်တွင် အမျိုးသားတစ်ဦးအား ဆိုင်ကယ်တစ်စီးနှင့်အတူတွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားမပြနိုင်သဖြင့် အမှုဖွင့်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်သူ ဖြိုးသက်ပိုင်(ခ)ကိုရှိုင်း အမှတ်(၆)ရပ်ကွက်နေသူသည် ဆိုင်ကယ်ခိုးယူကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့ပြီး ဆက်လက်စစ်ဆေးရာ အဆိုပါဆိုင်ကယ် အပါအဝင် ဆိုင်ကယ်အမျိုးအစားစုံ ၁၅ စီး ရှာဖွေသိမ်းဆည်း ရမိခဲ့ပြီး ပခုက္ကူမြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုဇော်(ခာတု)**

# မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းနှင့် ကယားပြည်နယ်တို့အတွင်း တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၀**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက်မှ ၉ ရက်အထိ တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း ဆောင်ရွက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မတ္တရာမြို့အထွက် တောင်ဘက်အနီး၌ MICRO ယာဉ်ပေါ်မှ ကျွန်းခွဲသား (ပါကေး) သုည ဒသမ ၆၇၂ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ပါမဲကျေးရွာအုပ်စုအတွင်းမှ ကျွန်း၊ တမလန်းခေးရွှေ၊ အင်ကြင်း၊ သဒီ၊ တောင်တမာ၊ ယမနေ၊ သစ်စေး၊ ထောက်ကြံ့၊ မအူ၊ သုံးပေအောက် တမလန်း၊ သစ်စေး စုစုပေါင်း ၁၄ ဒသမ ၁၃၉၄ တန်နှင့် ယမနေကျီးပေါင်း၊ တမလန်းငုတ်၊ သစ်စေးငုတ် စုစုပေါင်း ပိဿာ ၇၀၊ ပြစ်မှုကျူးလွန်သူနှစ်ဦးနှင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်(တွဲဖက်) ရှားတောမြို့နယ် ပွန်ချောင်းစစ်ဆေးရေးဂိတ်၌ Super Custom မော်တော်ယာဉ်ပေါ်မှ ပိတောက်ခွဲသား သုည ဒသမ ၅၈၄၂ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်း ကားလမ်းပေါ်ရှိ ခြောက်ဘီးယာဉ်ပေါ်မှ အင်ခွဲသား ၈ ဒသမ ၄၂၇၂ တန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦး၊ ဆားလင်းကြီးမြို့နယ် ကားလမ်းရှိ CANTER ယာဉ်ပေါ်မှ ကျွန်းခွဲသား ၄ ဒသမ ၅၇၃၄ တန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦး၊ ဆားလင်းကြီး-ကျားတက်ကားလမ်းရှိ ဟီးနိုးယာဉ်ပေါ်မှ သစ်ရာနှင့် ပျဉ်းကတိုးခွဲသား ၁ ဒသမ ၃၀၀၆ တန်နှင့် ပြစ်မှုကျူးလွန်သူတစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ကနီမြို့နယ်အတွင်းရှိ ဆယ်ဘီးယာဉ်ပေါ်မှ ပိတောက်ခွဲသား ၁၀ ဒသမ ၃၉၆၈ တန်၊ ကသာမြို့နယ်ရှိ ဧရာဝတီမြစ်ကမ်းဘေးနေရာမှ ကညင် သစ် ၂၀ ဒသမ ၄၄၀၀ တန်၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ ခြောက်ဘီးယာဉ်ပေါ်မှ ကျွန်းခွဲသား ၄ ဒသမ ၉၄၃၄ တန်တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **မောင်လူမော်**


# လောင်းကစားဂိမ်းခုံများ တာချီလိတ်မြို့၌ သိမ်းဆည်းရမိ

**တာချီလိတ် ဇွန် ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့မ ရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၉ ရက် ည ၁၀ နာရီက ဝမ်ကောင်းရပ်ကွက် ဘုရင့်နောင်ဈေးအနီးရှိ ဆိုင်ခန်းတွင် ဖွင့်လှစ်နေသော လောင်းကစားဂိမ်းခုံကို ဝင်ရောက်စစ်ဆေးရာ ငါးဂိမ်းခုံအကြီးတစ်ခုံ၊ ငါးဂိမ်းခုံအသေးငါးခုံတို့နှင့်အတူ ထိုင်းဘတ် ၄၃၇၃၀ နှင့် ရှင်းရှု၊ ဘောဝင်းသိန်း၊ သူရအောင်၊ သီရိဦး တို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့လေးဦးအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**





ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၉) ရပ်ကွက် ပိတောက်မြိုင်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၉ ရက် ညပိုင်းတွင် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းအောင် ရပ်ကွက်နေပြည်သူ ၇၀ ခန့်အား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး ပညာပေးဟောပြောစဉ်။

**နိုင်စိုး**

# မင်္ဂလာဒုံမြို့နယ်အတွင်း တရားမဝင်သစ်တင်ယာဉ် ဖမ်းဆီးရာမှ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၁၀**

မင်္ဂလာဒုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၉ ရက် နံနက် ၆ နာရီ ရဲလှည့်ကင်းယာဉ်ဖြင့် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် မင်္ဂလာဒုံမြို့နယ် သဃ်နီးကျွန်းကြီးကျေးရွာ ဇေကမ္ဘာ R (11)လမ်းပေါ်တွင် မောင်းနှင်လာသော ခြောက်ဘီးယာဉ်အား တားဆီးစစ်ဆေးရန် ပြုလုပ်စဉ် ရပ်တန့်ခြင်းမရှိသည့်အပြင် လေးခွဖြင့် စတင်ပစ်ခတ်ခဲ့သောကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ဝဲပခုံးထိမှန် ဖူးရောင်ဒဏ်ရာရရှိခဲ့သည်။

ယင်းယာဉ်မှာ ဆက်လက်မောင်းနှင်ထွက်ပြေးသွားပြီး ယာဉ်ထွက်ပြေးလွတ်မြောက်စေရန် MARK II ယာဉ်က လှည့်ကင်းယာဉ်အား တားဆီးပိတ်ဆို့မောင်းနှင်နေခြင်းများပြုလုပ်၍ ၎င်းယာဉ်အား လှည့်ကင်းယာဉ်က ကျော်တက်ပြီး ခြောက်ဘီးယာဉ်အား ဆက်လက်လိုက်လံဖမ်းဆီးစဉ် ထောက်ကြန့်မြို့လမ်းဆုံအရောက် ရဲတပ်ဖွဲ့က သတိပေးပစ်ခတ် တားဆီးရာ ယာဉ်၏နောက်ဘီးကို ထိမှန်ခဲ့သည်။

၎င်းယာဉ်မှာ အမှတ်(၃)လမ်းမကြီး ပိတ်ဆို့ရှာဖွေရေးဂိတ်ရှိ ဘယ်ရီဂိတ်အတားအဆီးများကိုလည်းကောင်း၊ အမြန်လမ်းမကြီး တိုးဂိတ်မောင်းတံကိုလည်းကောင်း ဝင်တိုက်၍ ဆက်လက်မောင်းနှင်ထွက်ပြေးပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်(၆/၁) အနီးတွင် ရပ်တန့်သွားခဲ့သည်။ ယာဉ်ပေါ်ပါသူများမှာ တိမ်းရှောင်သွားခဲ့ပြီး ယာဉ်ပေါ်၌ ကျွန်းခွဲသားဆိုဒ်စုံ ၄ ဒသမ ၉၄၃၄ တန်ကို သိမ်းဆည်းရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**



## တန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်နိုင်ရေးသင်တန်းဖွင့်

**ဘားအံ ဇွန် ၁၀**
ကရင်ပြည်နယ်အတွင်း လယ်ယာနှင့် ဥယျာဉ်ခြံထွက်သီးနှံများကိုအခြေခံပြီး တန်ဖိုးမြင့်စားသောက်ကုန်များအဖြစ် ဈေးကွက်ဝင်စေမည့် ပြည်တွင်းထွက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်နည်း သင်တန်းကို အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် လူသရမ်ဝေါဖက်ဒရေးရှင်းမြန်မာစီမံကိန်းနှင့် ဘားအံမြို့ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းတို့ ပူးပေါင်း၍ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းရှိ နည်းပညာပေးသင်တန်းဆောင်၌ ဖွင့်လှစ်သင်ကြားသည်။

ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ဒေသအတွင်းပေါ်များစွာထွက်ရှိနေသည့် လယ်ယာကိုင်းကျွန်းဥယျာဉ်ခြံထွက် ရောင်းမကုန် စားမကုန်သီးနှံများကို တာရှည်အထားခံ ထုတ်ကုန်များအဖြစ် အဖိုးတန်ရောင်းတမ်းဝင် ဆောင်ရွက်နိုင်ရေး လိုအပ်ကြောင်းပြောကြားသည်။

ဆက်လက်၍ ဘားအံမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ကေရီအောင်အောင်နှင့် လူသရမ်ဝေါဖက်ဒရေးရှင်း မြန်မာစီမံကိန်းမှ ကျေးရွာလူထုစွမ်းဆောင်ရည် မြှင့်တင်ရေးအရာရှိ ဦးခိုင်ခန့်မောင်တို့က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် အသက်မွေးပညာရပ်များ ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းတွင် လှိုင်းဘွဲ့မြို့နယ်အတွင်း ကျေးရွာများမှ သင်တန်းသူ ၂၀ အား ဒေသထွက် သီးနှံများဖြစ်သည့် သရက်သီး၊ သံပရာသီး၊ ရှောက်သီး၊ နာနတ်သီး၊ ငှက်ပျောသီးစသည့် ဒေသအလိုက်ပေါ်များစွာထွက်ရှိသည့် သီးနှံများကို ယို၊ ဖျော်ရည်၊ ဝိုင်၊ ဆော့ပြုလုပ်နည်းများ၊ ပြည်တွင်းထွက်ဆန်၊ ပြောင်းကိုအခြေခံ၍ ဘီစကွတ်၊ကွတ်ကီးပြုလုပ်နည်းများကို ဇွန် ၁၀ ရက်မှစတင်ကာ ငါးရက်ကြာသင်ကြားပေးမည်ဖြစ်ပြီး ဇွန် ၁၇ ရက်တွင်လည်း ဖာပွန်နှင့် ကြာအင်းဆိပ်ကြီးဒေသများမှ သင်တန်းသူများအား ထပ်မံသင်ကြားပေးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးအသင်းဝင်များ ကတိသစ္စာခံယူ

**မုံရွာ ဇွန် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် အသင်းများအား အလံပေးအပ်ပွဲနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ ကတိသစ္စာခံယူပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ဗဟို) ဒုတိယဥက္ကဋ္ဌ ဒေါ်ယုယုမေတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း၏ တိုင်းဒေသကြီး၊ ခရိုင်အဆင့်၊ မြို့နယ် အဆင့် ဖွဲ့စည်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ တိုင်းဒေသကြီးအဆင့် အသင်းဥက္ကဋ္ဌ ဒေါ်မာမာဝင်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ဗဟို) ဒုတိယ ဥက္ကဋ္ဌ ဒေါ်ယုယုမေက တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ထံသို့ အလံများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များအား အတည်ပြုတာဝန်ပေးအပ်လွှာများပေးအပ်ပြီး အသင်းဖွဲ့စည်းပုံစာအုပ်များနှင့် ရင်ထိုးတံဆိပ်များကို အသီးသီးပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း (ဗဟို)၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာမြသီတာက ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။ **ထွန်းကိုကို(ယင်းမာပင်)**





၂၀၁၉ ခုနှစ် မတ်လက ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၏ အမှတ်စာရင်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် (ရန်ကုန်တက္ကသိုလ်-လှိုင်နယ်မြေ ဝင်ပေါက်အနီး)ပါရမီလမ်းရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးခွဲ)၌ စတင်ထုတ်ပေးနေပြီဖြစ်ရာ လာရောက်ထုတ်ယူကြသူများ ကြိတ်ကြိတ်တိုးစည်ကားနေသည်ကို ဇွန် ၁၀ ရက် နံနက်က တွေ့ရစဉ်။

**ကျော်ကျော်(စက်မှုတက္ကသိုလ်)**

## နှစ်ရှည်အကျိုးဖြစ်ထွန်းသည့် လျှော်ဖြူစိုက်ကြစို့

**သာစည် ဇွန် ၁၀**
နှစ်ရှည်အကျိုးဖြစ်ထွန်းပြီး ဒေသခံများအား အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်သည့် လျှော်ဖြူကို စိုက်ပျိုးသင့်ကြောင်း မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အရှေ့ဘက် ခရိုင်ချင်းဆက်လမ်းအနီး လှိုင်းတက်ကျေးရွာနှင့် ဆင်ရွာကျေးရွာ ပတ်ဝန်းကျင်တွင် လျှော်ဖြူခြံလုပ်ငန်းစိုက်ပျိုးလုပ်ကိုင်နေသူများထံမှ သိရသည်။

"အပင် ၂၂၀၀၀ နီးပါးစိုက်ထားပြီး စိုက်ဧက ၁၃၅ ဧကရှိပါတယ်၊ ၁၃၅ ဧကကိုခြံ ခုနစ်ခြံခွဲပြီး တစ်ဧကအပင် ၂၀၀ ခန့်စိုက်ထားပါတယ်။ စတင်စိုက်တဲ့အချိန်ကတော့တစ်ချိန်တည်း မဟုတ်ပါဘူး၊ ၂၀၁၃ ခုနှစ်မှာဧက ၂၀ စတင်စိုက်ပျိုးခဲ့ပြီး ၂၀၁၄ မှာ ၈၅ဧကနဲ့ ၂၀၁၅မှာ ဧက ၃၀ တစ်နှစ်ပြီး တစ်နှစ်တိုးချဲ့စိုက်ပျိုးလာခဲ့တာဖြစ်ပါတယ်"ဟု ရွှေလျှော်ဖြူမင်္ဂလာစိုက်ပျိုးရေးခြံမှ ဦးမြင့်လှိုင်က ပြောသည်။

အစေးထုတ်ယူမည့်အချိန်မှာ ဇွန်လမှ ဒီဇင်ဘာလအထိ ထုတ်ယူမည်ဖြစ်ပြီး ယခုစတင်ထုတ်ယူချိန်၌ အထွက်နည်းသော်လည်း အလုပ်သမား ၇၀ ခန့်ဖြင့် နေ့စဉ်ထုတ်ယူနေရကြောင်းနှင့် အစေးဖြိုင်ဖြိုင် ထွက်သည့်လများတွင် အလုပ်သမားများ ထပ်မံခေါ်ယူရသည့်အတွက် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိကြောင်းနှင့် ထွက်ရှိလာသော လျှော်ဖြူစေးကို တစ်ပိဿာ ငွေကျပ် ၄၅၀၀၀ ထိရရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လျှော်ဖြူပင်သည် နှစ်ရှည်ပင်ဖြစ်၍ သက်တမ်းရင့်ပါက တစ်နှစ်ထက်တစ်နှစ် အထွက်နှုန်းပိုမိုကောင်းမွန်ပြီး ရေရှည်အကျိုးဖြစ်ထွန်းကာ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်လုပ်ငန်းများနှင့် စက်မှုကုန်ကြမ်းများတွင် အသုံးဝင်မှုများသောကြောင့် စီးပွားဖြစ်စိုက်ပျိုးသင့်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## အလုပ်သမားရေးရာဥပဒေဆိုင်ရာများ အသိပညာပေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**
အလုပ်သမားရေးရာဥပဒေပါ ပြဋ္ဌာန်းချက်များကိုအလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်ရှင်၊ မန်နေဂျာနှင့် အလုပ်သမားများကျယ်ပြန့်စွာ သိရှိနားလည်ပြီး အလုပ်ရှင်နှင့် အလုပ်သမားဆက်ဆံရေး ကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်အခြေအနေများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နေပြည်တော် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဝင်း၊ နေပြည်တော် လူမှုဖူလုံရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်၊ နေပြည်တော် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ဒေါ်တင်လတ်စိုးနှင့် ဒက္ခိဏခရိုင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းမိုးရွှေတို့က အလုပ်လုပ်ချိန် ကန့်သတ်ချက်အကြောင်းကိုလည်းကောင်း၊ အလုပ်သမားများ၏ ခွင့်ရက်၊ အလုပ်ပိတ်ရက်နှင့် အချိန်ပိုအခကြေးငွေပေးချေရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံအတွင်း မတော်တဆထိခိုက်မှုနှင့် ပတ်သက်၍ အကြောင်းကြားရမည့် အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ စက်ရုံအလုပ်ရုံများမှ လုပ်ငန်းရှင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။ **ရွှေကုက္ကို**

## လယ်ယာမြေအသုံးချ လုပ်ပိုင်ခွင့် ညွှန်ကြားချက်များ ရှင်းလင်း

**ရမည်းသင်း ဇွန် ၁၀**
မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းနှင့် ပုံစံ(၇) အမည်ပြောင်းလဲခြင်းတို့အတွက်စာချုပ်စာတမ်းများနှင့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ရပ်ကွက်၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များအားလယ်ယာမြေအသုံးချ လုပ်ပိုင်ခွင့်ညွှန်ကြားချက် များရှင်းလင်းပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ရမည်းသင်းမြို့နယ်သီလဝခန်းမ၌ ကျင်းပသည်။

ရမည်းသင်းခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းနှင့် အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းတို့က လယ်ယာမြေမှတ်ပုံတင်ခြင်း အကျိုးရလဒ်များနှင့် လုပ်ပိုင်ခွင့်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ရမည်းသင်းခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးမျိုးမင်းခိုင်က ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ညွှန်ကြားချက်မှလယ်ယာမြေလုပ်ပိုင်ခွင့်ကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းနှင့် ပုံစံ(၇) အမည်ပြောင်းလဲခြင်းကိစ္စရပ်များဥပဒေ၊ နည်းဥပဒေများနှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းများ အဆင့်ဆင့်ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားရာ ရပ်ကွက်၊ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

# အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

(ပ) ဤပုဒ်မနှင့် ပုဒ်မ ၂၆ ပါ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့် လွှဲအပ်ထားသည့် ရည်ရွယ်ချက်ဆိုသည်မှာ -

(၁) ပုဂ္ဂိုလ်တစ်ဦးဦး၏ ပေးဆောင်ရမည့် အခွန်ပမာဏကို ဆုံးဖြတ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် သတင်းအချက်အလက်စုဆောင်းခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးဦးထံမှ အခွန်ကောက်ခံရန် ရည်ရွယ်ချက်ဖြင့် သတင်းအချက်အလက်စုဆောင်းခြင်း သို့မဟုတ်

(၃) ပုဂ္ဂိုလ်တစ်ဦးဦးနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တရားစွဲဆိုခြင်းနှင့် သက်ဆိုင်သည့် သတင်းအချက်အလက် စုဆောင်းခြင်းတို့ကို ဆိုသည်။

(ဏ) ဤပုဒ်မအရ ဆောင်ရွက်သော တာဝန်ခံအရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်ကို သက်ဆိုင်ရာလုပ်ငန်းပရဝဏ် သို့မဟုတ် နေရာ၏ပိုင်ရှင်ကသော်လည်းကောင်း၊ ဥပဒေနှင့်အညီ လက်ရှိဖြစ်သူကသော်လည်းကောင်း ရုံးလုပ်ငန်းဆောင်ရွက်ရန် ထိုက်သင့်သည့် နေရာ၊ အသုံးအဆောင်နှင့် အကူအညီများ ပေးအပ်ရမည်။

**သတင်းအချက်အလက်ရယူရန် အကြောင်းကြားခြင်း**

၂၆။ (က) လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့် ရည်ရွယ်ချက်အလို့ငှာ တာဝန်ခံအရာရှိ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း သို့မဟုတ် အခွန်ထမ်းမဟုတ်သည့် ပုဂ္ဂိုလ်တစ်ဦးထံ သင့်လျော်သော အကြောင်းကြားစာပေးပို့၍ -

(၁) အခြားပုဂ္ဂိုလ်တစ်ဦးနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်အပါအဝင် အကြောင်းကြားစာဖြင့် တောင်းခံသည့် သတင်းအချက်အလက်တစ်စုံတစ်ရာကို ပေးအပ်ရန် သို့မဟုတ်

(၂) စစ်ဆေးခံရန် သို့မဟုတ် အကြောင်းကြားစာတွင် ဖော်ပြထားသည့် ယင်းပုဂ္ဂိုလ် ထိန်းချုပ်ထားသည့် စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံအထောက်အထားများကို ပေးအပ်ရန်အလို့ငှာ အကြောင်းကြားစာတွင် သတ်မှတ်ထားသည့် အချိန်နှင့်နေရာသို့ လာရောက်ရန် ဆင့်ဆိုနိုင်သည်။

(ခ) စာတမ်းအမှတ်အသားများ သို့မဟုတ် အခြားသက်သေခံအထောက်အထားများအား ထုတ်ပေးခြင်း သို့မဟုတ် ကြည့်ရှုမှတ်သားခြင်းတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေအပါအဝင် တည်ဆဲဥပဒေတစ်ရပ်ရပ်၊ စာချုပ်တစ်ရပ်ရပ်တို့တွင် မည်သို့ပင်ပါရှိစေကာမူ ပုဒ်မ ၂၅ နှင့် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိစေရမည်။

**အခန်း (၅)**

**စည်းကြပ်မှုများ**

**စည်းကြပ်မှု**

၂၇။ (က) အခွန်ထမ်း၏ အခွန်ပေးဆောင်ရန်တာဝန်အပေါ် စည်းကြပ်မှုကို ဤဥပဒေတွင် လည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်တွင် လည်းကောင်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်သည့် စည်းကြပ်မှုကို အခွန်ကြေညာလွှာတွင်ပါရှိသော သတင်းအချက်အလက်များနှင့် ညွှန်ကြားရေးမှူးချုပ်က ရရှိနိုင်သော အခြားသက်ဆိုင်ရာ သတင်းအချက်အလက်များပေါ်တွင် အခြေပြု၍ ဆောင်ရွက်နိုင်သည်။

(ဂ) အခွန်ထမ်းတစ်ဦးက အခွန်ကြေညာလွှာကို သတ်မှတ်ထားသည့် အတိုင်း တင်သွင်းရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြည့်စုံအောင် ဆောင်ရွက်ခြင်းမရှိပါက ညွှန်ကြားရေးမှူးချုပ်သည် ယင်းနှင့်ပတ်သက်သည့် ရရှိနိုင်သည့် သတင်းအချက်အလက်အထောက်အထားများအပေါ်တွင် အခြေခံလျက် ပေးဆောင်ရမည့် အခွန်ပမာဏကို စည်းကြပ်မှုပြုလုပ်နိုင်သည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်းတင်သွင်းသည့် အခွန်ကြေညာလွှာပါ အချက်အလက်များကိုအခြေမခံဘဲ အခြားသတင်းအချက်အလက်ပေါ်တွင် အလုံးစုံသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း အခြေခံ၍ စည်းကြပ်မှုပြုပါက အခြေခံအဖြစ် အသုံးပြုခဲ့သည့် သတင်းအချက်အလက်၏ သဘောသဘာဝကို ဖော်ပြရမည်။

(င) အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ထမ်းက ပေးဆောင်ရမည့် အခွန်ပမာဏကို တွက်ချက်တင်သွင်းသော အခွန်ကြေညာလွှာသည် ညွှန်ကြားရေးမှူးချုပ်က ယင်းပမာဏဖြင့် စည်းကြပ်မှုပြုသကဲ့သို့ သက်ရောက်မှုရှိစေရမည်။ သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်က စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုလုပ်ခြင်းအတွက် အဟန့်အတားမဖြစ်စေရ။

(စ) အခွန်ထမ်းသည် အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ရမည့် သတ်မှတ်ရက်မတိုင်မီ နိုင်ငံတော်မှ ထွက်ခွာသွားနိုင်သည်ဟု ညွှန်ကြားရေးမှူးချုပ်က အထောက်အထားတစ်စုံတစ်ရာ တွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်မှ ယင်းပုဂ္ဂိုလ်အား ပေးအပ်ထားသည့် အကြောင်းကြားစာတွင် ဖော်ပြထားသည့်ရက်စွဲသည် ယင်းအခွန်ကို ပေးဆောင်ရန် သတ်မှတ်သည့်နေ့ဖြစ်သည်။

**စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုလုပ်ခြင်း**

၂၈။ (က) ညွှန်ကြားရေးမှူးချုပ်သည် မူလစည်းကြပ်မှုတစ်ရပ်ကို မှန်ကန်ခြင်းမရှိကြောင်း အထောက်အထားတစ်စုံတစ်ရာတွေ့ရှိပါက ပုဒ်မ ၂၉ ပါ ကာလစည်းကမ်းသတ်အတွင်း စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှု ပြုနိုင်သည်။

(ခ) အခွန်ထမ်းက စာရင်းများနှင့် မှတ်တမ်းများ ထိန်းသိမ်းထားရှိရန် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ မမှန်ကန်သော သတင်းအချက်အလက်များ တင်ပြခဲ့လျှင်သော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်သည် ရရှိနိုင်သော သတင်းအချက်အလက်နှင့် အထောက်အထားများကို အခြေပြု၍ အကောင်းဆုံး ချင့်ချိန်ဆုံးဖြတ်မှုဖြင့် စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုပြုနိုင်သည်။

(ဂ) အခွန်ထမ်းက ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ ပြင်ဆင်ထားသော အခွန်ကြေညာလွှာတစ်ရပ်ကို တင်သွင်းလာသည့်အခါ မူလစည်းကြပ်မှုမှာ မမှန်ကန်သော သတင်းအချက်အလက်အပေါ် အခြေခံကြောင်း အထောက်အထားတစ်စုံတစ်ရာတွေ့ရှိရပါက ညွှန်ကြားရေးမှူးချုပ်သည် မူလစည်းကြပ်မှုကို ပယ်ဖျက်၍ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုကို ဆောင်ရွက်ရမည်။

**စည်းကြပ်မှုနှင့် ပြင်ဆင်စည်းကြပ်မှုအတွက် ကာလစည်းကမ်းသတ်များ**

၂၉။ (က) ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှု အပါအဝင် စည်းကြပ်မှုတစ်ခုခုကို စည်းကြပ်မှုနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ အခွန်ကာလကုန်ဆုံးပြီး ခြောက်နှစ်အတွင်း ဆောင်ရွက်ခွင့်ရှိသည်။

(ခ) အောက်ပါစည်းကြပ်မှုတစ်ရပ်ရပ်တွင် စည်းကြပ်မှုနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာ အခွန်ကာလကုန်ဆုံးပြီး ၁၂ နှစ်အတွင်း စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှု ပြုနိုင်သည် -

(၁) ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ဂ) အရ စည်းကြပ်မှု၊

(၂) မူလစည်းကြပ်မှုသည် အခွန်ထမ်း၏ လိမ်လည်လှည့်ဖြားမှုကြောင့် သို့မဟုတ် တမင်လျစ်လျူရှုမှုကြောင့် မမှန်ကန်သော သတင်းအချက်အလက်အပေါ် အခြေခံ၍ ပြုလုပ်ခဲ့ရခြင်းဖြစ်ပါက ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) အရ စည်းကြပ်မှု။

(ဂ) ဤပုဒ်မတွင် ဖော်ပြထားသည့် ကာလစည်းကမ်းသတ်အတွင်း စည်းကြပ်မှုပြုလုပ်ခဲ့ခြင်းမရှိသည့်အပြင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (င) အရ စည်းကြပ်ခဲ့မှုလည်းမရှိပါက အခွန်ကာလတစ်ခုအတွက် စည်းကြပ်မှုတစ်ခုသည် ဖြတ်တောက်နုတ်ယူထားသည့် အခွန်ပမာဏတစ်ခုရှိလျှင် ယင်းပမာဏအရ စည်းကြပ်မှု ပြုသည်ဟု မှတ်ယူရမည်ဖြစ်ပြီး ဖြတ်တောက်နုတ်ယူထားသည့် အခွန်မရှိပါက အခွန်ပေးဆောင်ရခြင်း မရှိစေရ။

(ဃ) ဤပုဒ်မရှိ မည်သည့်ပြဋ္ဌာန်းချက်ကမျှ အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်အရ ပြင်ဆင်စည်းကြပ်မှုအပေါ် ဟန့်တားခြင်းမရှိစေရ။

**ဆုံးရှုံးနိုင်ခြေအရ ကြိုတင်စည်းကြပ်မှု**

၃၀။ (က) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆုံးရှုံးမှုမရှိစေရေးအတွက် ယင်းနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အခြေခံ၍ အခွန်ပေးဆောင်ရန် ပုံမှန်သတ်မှတ်ထားသည့် ကာလမတိုင်မီ စည်းကြပ်မှုပြုလုပ်နိုင်သည်။

(ခ) အခွန်ထမ်းသည် အခန်း (၆) တွင် ဖော်ပြထားသည့် အယူခံပိုင်ခွင့်အပြင် ဤပုဒ်မအရ ကြိုတင်စည်းကြပ်မှုအပေါ် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်လျှင် အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်သွင်းနိုင်သည် -

(၁) ပမာဏများလွန်းခြင်း၊

(၂) ကြိုတင်စည်းကြပ်မှုတစ်ရပ်မပေါ်ပေါက်ကြောင်း ဖော်ပြနေသည့် ခိုင်လုံသောအခြေအနေရှိခြင်း။

**စည်းကြပ်မှုအကြောင်းကြားစာ**

၃၁။ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) တို့အရ စည်းကြပ်မှုကိုသော်လည်းကောင်း၊ ပုဒ်မ ၂၈ အရ စည်းကြပ်မှုအသစ် သို့မဟုတ် ပြင်ဆင်စည်းကြပ်မှုကိုသော်လည်းကောင်း၊ ပုဒ်မ ၃၀ အရ စည်းကြပ်မှုကိုသော်လည်းကောင်း ဆောင်ရွက်ရာတွင် ညွှန်ကြားရေးမှူးချုပ်သည် အောက်ပါအချက်များပါဝင်သည့် စည်းကြပ်မှုအကြောင်းကြားစာကို မိမိကိုယ်တိုင် သို့မဟုတ် တာဝန်ခံအရာရှိက လက်မှတ်ရေးထိုးပြီး စည်းကြပ်ခံရသူထံ ပေးပို့ရမည် -

(က) အခွန်ထမ်းအမည်၊

(ခ) အခွန်ထမ်းမှတ်ပုံတင်အမှတ်၊

(ဂ) အကြောင်းကြားစာထုတ်ပေးသည့်ရက်စွဲ၊

(ဃ) အကြောင်းကြားစာနှင့် စပ်လျဉ်းသည့်ကိစ္စရပ်၊

(င) ပေးဆောင်ရမည့် အခွန်ပမာဏ၊

(စ) မည်သည့်နေ့ရက်နောက်ဆုံးထား၍ အခွန်ပေးဆောင်ရန် ဖော်ပြတောင်းခံချက် သို့မဟုတ် ကျသင့်သောအခွန်ကို ပေးဆောင်ပြီးကြောင်း ဖော်ပြချက်၊

(ဆ) အခွန်ပေးဆောင်ရမည့်နေရာ၊

(ဇ) စည်းကြပ်မှုကို မကျေနပ်ပါက ဆောင်ရွက်နိုင်မည့်အချိန်၊ နေရာနှင့် နည်းလမ်း။

**အခွန်ရှောင်ရှားမှုကို ဟန့်တားခြင်း (Anti-avoidance)**

၃၂။ ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်မှုပြုရာတွင် အခွန်လျော့နည်းစေရန် ရည်ရွယ်ချက်ဖြင့် အတုပြုလုပ်ထားသော သို့မဟုတ် လုပ်ကြံဖန်တီးထားသော လုပ်ဆောင်ချက်တစ်ခုကိုဖြစ်စေ၊ တစ်ခုထက်ပိုသောလုပ်ဆောင်ချက်အစဉ်အဆက်ကိုဖြစ်စေ ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ နေနိုင်သည်။ ထို့အပြင် ယင်းလွှဲမှားစွာ သတ်မှတ်ဖော်ပြထားသော လုပ်ဆောင်ချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော လုပ်ဆောင်ချက် အစဉ်အဆက်ကို အခြေမခံဘဲ ယင်း၏ပကတိစီးပွားရေးအခြေအနေမှန် (economic substance) အပေါ် မူတည်၍ စည်းကြပ်မှုပြုနိုင်သည်။

**အခန်း (၆)**

**စီမံအုပ်ချုပ်မှုနည်းလမ်းအရပြန်လည်သုံးသပ်ခြင်းနှင့် အယူခံခြင်း**

**အခွန်ဆိုင်ရာဆုံးဖြတ်ချက်များ**

၃၃။ မည်သည့်အခွန်ဆိုင်ရာဆုံးဖြတ်ချက်များကိုမျှ စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်း၊ အခွန်အယူခံခုံအဖွဲ့သို့ အယူခံခြင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအခန်းနှင့်အညီ လျှောက်ထားခြင်းမှအပ အခြားစစ်ဆေးစီရင်မှုတစ်ခုခုတွင် တရားစွဲဆိုခြင်းမပြုရ။

**စီမံအုပ်ချုပ်မှုနည်းလမ်းအရပြန်လည်သုံးသပ်ခြင်း**

၃၄။ (က) အခွန်ထမ်းသည် ဦးစီးဌာန၏စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ပြန်လည်သုံးသပ်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားနိုင်သည်။

(ခ) အခွန်ထမ်းသည် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် အသေးစိတ်အကြောင်းပြချက်များကို ဖော်ပြလျက် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း၏ လျှောက်ထားချက်ကို စဉ်းစားသုံးသပ်၍ ဆုံးဖြတ်ရမည်ဖြစ်ပြီး ယင်းဆုံးဖြတ်ချက်နှင့် အကြောင်းပြချက်ကို အခွန်ထမ်းအား စာဖြင့် အသိပေးရမည်။

**စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းအပေါ်အယူခံခြင်း**

၃၅။ (က) အခွန်ထမ်းသည် ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက ရက်ပေါင်း ၉၀ အတွင်း အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်သည်။

(ခ) အခွန်ထမ်းသည် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်းကို လျှောက်ထားခဲ့သည်မှာ ရက်ပေါင်း ၉၀ ကျော်လွန်ပြီးဖြစ်သော်လည်း ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက် တစ်စုံတစ်ရာမရရှိပါက အဆိုပါ ရက်ပေါင်း ၉၀ ပြည့်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) ပါ ဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်အပေါ် အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်သည်။

**သက်သေပြရန်တာဝန်**

၃၆။ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်မှအပ စည်းကြပ်မှုမှားယွင်းကြောင်း သက်သေပြရန် တာဝန်သည် စည်းကြပ်မှုကို ကန့်ကွက်သည့် အခွန်ထမ်းအပေါ်တွင် ကျရောက်သည်။

(ဆက်လက်ဖော်ပြပါမည်)

# စကားရပ် ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၈၁ ခုနှစ်၊ လ ရက်

( ၂၀၁၉ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကို **စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အာဏာတည်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသော "ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်သော "ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဟု ပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

---

# အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုလွှတ်တော်**

**၂၀--- ခုနှစ်၊ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်းဥပဒေကြမ်း**

**(၂၀--- ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃--- ခုနှစ်၊ လ ရက်**

**(၂၀--- ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **. . . ခုနှစ်၊** အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **မှတ်တမ်း** ဆိုသည်မှာ အစိုးရဌာနတစ်ခုခု၊ အစိုးရအဖွဲ့အစည်း တစ်ခုခု၊ အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်သည့် သို့မဟုတ် ရေးသားပြုစုထားသည့် သို့မဟုတ် လက်ခံရရှိထားသည့် ကမ္ပည်းစာ၊ ပေစာ၊ ပုရပိုက်စာ၊ စာရွက်စာတမ်း၊ စာအုပ်စာတမ်း၊ ပုံနှိပ်စာပေ၊ လက်ရေးစာပေ၊ မြေပုံများ၊ ဓာတ်ပုံများ၊ မိုက်ကရိုဖလင်များ ၊ ရုပ်သံမှတ်တမ်းများ၊ မင်စာ၊ ကျောက်စာများမှ ကူးယူထားသော အထောက်အထားများ၊ အီလက်ထရောနစ်နည်းပညာဖြင့် ဆောင်ရွက်ထားသော မှတ်တမ်းများနှင့် အခြားမည်သည့်ပုံစံနှင့်မဆို မှတ်တမ်းတင်ထားသော အချက်အလက် မှတ်တမ်းများကို ဆိုသည်။

(ဃ) **မော်ကွန်း** ဆိုသည်မှာ ပုဒ်မခွဲ(ဂ)ပါ မှတ်တမ်းများအနက် မြန်မာနိုင်ငံ၏ အမျိုးသားရေးတန်ဖိုး သို့မဟုတ် သမိုင်းဆိုင်ရာတန်ဖိုးရှိသည့် အထောက်အထားများနှင့် အချက်အလက်များပါရှိသဖြင့် နှစ်ကာလကြာမြင့်စွာ ထိန်းသိမ်းထားသင့်သည့် မှတ်တမ်းကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းများ ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဆ) **ဦးစီးဌာန** ဆိုသည်မှာ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ဦးစီးဌာနကို ဆိုသည်။

(ဇ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဈ) **အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော်အတွင်း တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများနှင့် အစိုးရအဖွဲ့အစည်းများကို ဆိုသည်။ ဤဥပဒေအလို့ငှာ ယင်းစကားရပ်တွင် အဆိုပါဌာန၊ အဖွဲ့အစည်းများ၏ လက်အောက်ခံဖြစ်သော သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများနှင့် ရုံးများလည်း ပါဝင်သည်။

(ည) **အခြားအဖွဲ့အစည်း** ဆိုသည်မှာ အစိုးရဌာန မဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့တစ်ရပ်ရပ်ကို ဆိုသည်။

(ဋ) **အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်** ဆိုသည်မှာ သက်သေအထောက်အထားအဖြစ် ရည်ညွှန်းကိုးကားနိုင်ရေးအတွက် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မှတ်တမ်းနှင့် မော်ကွန်းများကို ထိန်းသိမ်းထားရှိသောနေရာကို ဆိုသည်။

(ဌ) **မှတ်တမ်းများစိစစ်ခွဲခြားခြင်းဇယား** ဆိုသည်မှာ မော်ကွန်းတန်ဖိုး ပါဝင်ပြီး ထာဝစဉ် ဆက်လက်ထိန်းသိမ်းထားရှိရန် လိုအပ်သည့် မှတ်တမ်းအမျိုးအစားများနှင့် ဆက်လက်ထိန်းသိမ်းရန် မလိုအပ်သည့် မှတ်တမ်းအမျိုးအစားများကို စနစ်တကျစိစစ်၍ ခွဲခြားဖော်ပြသောဇယားကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ မှတ်တမ်းနှင့် မော်ကွန်းများကို ဦးစီးဌာနသို့ သတ်မှတ်အချိန်အတွင်း နည်းလမ်းတကျ လွှဲပြောင်းပေးရန်၊

(ခ) အခြားအဖွဲ့အစည်းများနှင့် အများပြည်သူတို့၏ လက်ဝယ်တွင်ရှိသော တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မှတ်တမ်းများနှင့် ရှားပါးအမွေအနှစ် အထောက်အထားများကို နိုင်ငံတော်၏ အရေးအရာကိစ္စရပ်များတွင် အသုံးပြုနိုင်ရေးအတွက် ရှာဖွေစုဆောင်းရန်နှင့် လွှဲပြောင်းရယူရန်၊

(ဂ) နိုင်ငံတော်၏အမွေအနှစ် အထောက်အထားများဖြစ်သည့် မှတ်တမ်းနှင့် မော်ကွန်းများကို တစ်နေရာတည်းတွင် စုစည်းထိန်းသိမ်းထားခြင်းဖြင့် ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန်၊

(ဃ) မှတ်တမ်း မော်ကွန်းများကို စနစ်တကျ ထိန်းသိမ်းထားခြင်းဖြင့် နိုင်ငံတော်၏ အရေးအရာကိစ္စရပ်များနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သက်သေအထောက်အထား အဖြစ် အသုံးပြုရန်၊

**အခန်း(၃)**

**ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၄။ အစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ရေးအဖွဲ့ကို ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင် စုစုပေါင်း အနည်းဆုံး ၅ ဦး၊ အများဆုံး ၁၅ ဦး အထိ ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(၂) လုပ်ငန်းသဘောသဘာဝအရ ဆက်စပ်နေသည့် အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများ၏ ညွှန်ကြားရေးမှူးချုပ်များ — အဖွဲ့ဝင်

(၃) အခြားအဖွဲ့အစည်းများမှ နိုင်ငံသား ပညာရှင်များ — အဖွဲ့ဝင်

(၄) အခြားသင့်လျော်သော နိုင်ငံသားများ — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူးချုပ် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန — အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ(က)အရဖွဲ့စည်းသော ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဃ) နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေများနှင့် စရိတ်များကို သတ်မှတ်ပေးရမည်။

**အခန်း (၄)**

**ကြီးကြပ်ရေးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မှတ်တမ်းနှင့်မော်ကွန်းများကို စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်း တို့အတွက် မူဝါဒများကို ချမှတ်ခြင်း၊

(ခ) ဦးစီးဌာနက စိစစ်ပြီး၍ မော်ကွန်းအဖြစ် သတ်မှတ်သင့်ကြောင်း တင်ပြလာသည့် မှတ်တမ်းများကို အတည်ပြုခြင်း၊

(ဂ) သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခုက လုပ်ငန်းလိုအပ်ချက်အရ မူရင်းမှတ်တမ်း သို့မဟုတ် မော်ကွန်းကို ပြန်လည်လွှဲပြောင်းပေးရန် တောင်းခံမှုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဃ) ပြည်ပနိုင်ငံ သို့မဟုတ် အခြားအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ လက်ဝယ်တွင်ရှိသော မှတ်တမ်း သို့မဟုတ် မော်ကွန်းတစ်ရပ်ရပ်သည် နိုင်ငံတော်အတွက် လိုအပ်လျှင် လွှဲပြောင်းရယူရန် သို့မဟုတ် ဝယ်ယူရန် ဆောင်ရွက်သင့်ကြောင်း ဦးစီးဌာနက တင်ပြလာလျှင် လမ်းညွှန်မှုပေးခြင်း၊

(င) ကြီးကြပ်ရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များအနက် မှတ်တမ်းနှင့် မော်ကွန်း ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်အား တာဝန်ပေးအပ်ခြင်း၊

(စ) လုံခြုံမှုသက်တမ်းရှိ မှတ်တမ်းများနှင့် မော်ကွန်းများကို အများပြည်သူ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက လေ့လာကြည့်ရှုခွင့်ပြုရန် ဦးစီးဌာနမှ တင်ပြလာလျှင် လမ်းညွှန်မှုပေးခြင်း၊

(ဆ) မော်ကွန်းတစ်ရပ်ရပ်ကို ပြည်ပသို့ ယူဆောင်ခွင့်ပြုရန် သင့်၊ မသင့် ကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဇ) မော်ကွန်းများကို လုံခြုံစွာ မပျက်မစီး ထိန်းသိမ်းထားခြင်း ရှိ၊ မရှိ အခါအားလျော်စွာ စစ်ဆေးခြင်း၊

(ဈ) မှတ်တမ်းနှင့်မော်ကွန်းများ စီမံခန့်ခွဲခြင်း၊ ထိန်းသိမ်းခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ခြင်း။

**အခန်း (၅)**

**ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၆။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေအရ ဦးစီးဌာနသို့ မှတ်တမ်းများ သတ်မှတ်ချိန်အတွင်း လွှဲပြောင်းပေးနိုင်ရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ လက်ခံရယူခြင်း၊

(ခ) အခြားအဖွဲ့အစည်းများနှင့် အများပြည်သူ၏လက်ဝယ်ရှိ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် မှတ်တမ်းများ မဆုံးရှုံးစေရေးအတွက် လွှဲပြောင်းရယူနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

**(ဆက်လက်ဖော်ပြပါမည်)**

# သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**လွိုင်ကော် ဇွန် ၁၀**
ကယားပြည်နယ်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှုထမ်းများ အရည်အသွေးတိုးတက်ရေးနှင့် သတင်းရေးသားရာတွင် ကျွမ်းကျင်မှုရှိလာစေရေးအတွက် သတင်းရေးသားထုတ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီက လွိုင်ကော်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစန်းနွယ်က ဝန်ထမ်းများအနေဖြင့် သတင်း၊ ဆောင်းပါးများ ရေးသားပေးနိုင်ရန် လိုအပ်ပြီး မိမိတို့၏ စွမ်းဆောင်ရည်မြင့်တက်လာအောင် ကြိုးစားအားထုတ်ကြရန် ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၀ ရက်မှ ၁၅ ရက်ထိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူများက ပြည်နယ်အတွင်းရှိ အမှုထမ်း ၂၂ ဦးအား ဝေါဟာရရှင်းလင်းချက်၊ သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု၊ သတင်းရင်းမြစ်များရှာဖွေခြင်း၊ သတင်း၏ အခြေခံဖွဲ့စည်းတည်ဆောက်ပုံ၊ သတင်းရေးသားခြင်း၊ သတင်းဆောင်းပါးရေးသားခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ သတင်းလိုက်ခြင်း၊ သတင်းထုတ်ပြန်ခြင်း၊ စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်၊ မီဒီယာဆိုင်ရာသိနားလည်မှု၊ Online အသုံးပြု၍ သတင်းများထုတ်ပြန်ခြင်း၊ သတင်းမှတ်တမ်းရိုက်ကူးရာတွင် ရှောင်ရန်၊ ဆောင်ရန်များအပြင် လက်တွေ့သတင်းမှတ်တမ်းရိုက်ကူးခြင်းများကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်သား**





# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး အကျဉ်းထောင်စစ်ဆေး

**ဖျာပုံ ဇွန် ၁၀**
ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးဝင်းမြင့်သည် ဖျာပုံခရိုင်တရားသူကြီး ဒေါ်မိမိမော်နှင့် မြို့နယ်တရားသူကြီး ဒေါ်မွန်ရည်အေးတို့နှင့်အတူ ဇွန် ၁၀ ရက် နံနက် ၈ နာရီက ဖျာပုံအကျဉ်းထောင်နှင့် မြို့မရဲစခန်းတို့သို့ သွားရောက်စစ်ဆေးသည်။

ဖျာပုံအကျဉ်းထောင်မှူး ဦးမြင့်သိန်းက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေသူ၊ အချုပ်ကျနေသူများနေထိုင်သည့် အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများကိုလည်း နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ-မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသခွင့်ရ-မရ၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများ ရှိ-မရှိ၊ အစားအသောက်အာဟာရ စားသုံးရခြင်းအခြေအနေ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရ-မရကိစ္စများနှင့် ပတ်သက်၍ မေးမြန်းခဲ့ပြီး လိုအပ်သည်များကိုလည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့သည် ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံမြို့မရဲစခန်း၊ ကျိုက်လတ်မြို့မရဲစခန်းသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# မုံရွာမြို့တွင် စွန့်ပစ်အမှိုက်များချေဖျက်ရေး ဂျပန်နိုင်ငံမှ လာရောက်ကွင်းဆင်းမည်

**မုံရွာ ဇွန် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သည် လူဦးရေထူထပ်ပြီး နေ့စဉ် လူတို့အသုံးပြုလျက်ရှိသော အမှိုက်တန်ချိန် ၁၅၀ ခန့် ထွက်ရှိလျက်ရှိသဖြင့် ခေတ်မီနည်းပညာဖြင့် ချေဖျက်သည့်စနစ်ကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန်အတွက် ဇူလိုင်လအတွင်း ဂျပန်နိုင်ငံမှ ဖူဂျီတကုမ္ပဏီမှ လာရောက်ကွင်းဆင်းလေ့လာမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။



"မုံရွာမြို့မှာက တစ်ရက်ကို အမှိုက်တန်ချိန် ၁၅၀ လောက် ထွက်တယ်၊ တစ်ရက်အမှိုက်ကို သွားပြီး ပုံလိုက်တော့ မြေနေရာတွေပုပ်တယ်၊ ပတ်ဝန်းကျင်လည်းပျက်စီးတယ်၊ အမှိုက်ပုံတွေရှိပေမယ့် အချိန်ကြာလာတာနဲ့အမျှ အမှိုက်ထားရမယ့်နေရာပြဿနာက ပေါ်လာတယ်၊ အဲဒီအမှိုက်တွေကို ချေဖျက်ဖို့အတွက် ဂျပန်နိုင်ငံက ကုမ္ပဏီတစ်ခုနဲ့ ချိတ်ဆက်ပြီးတော့ လုပ်ဆောင်နေတယ်၊ သုံးနှစ်အတွင်း အပြီးလုပ်ဆောင်ပေးမှာဖြစ်တယ်၊ အမှိုက်စွန့်ပစ်တဲ့နေရာတွေကိုတော့ လိုက်ပြီးပြသပေးထားပြီးပြီ၊ ဇူလိုင်လအတွင်းမှာတော့ အမှိုက်စွန့်ပစ်ထားတဲ့နေရာ သုံးနေရာကို အသေးစိတ် သူတို့ကွင်းဆင်းလေ့လာပြီးတော့ လုပ်လို့ရမယ့် အမှိုက်ချေဖျက်နည်းစနစ်တစ်ခုကို အသုံးပြုလုပ်ဆောင်သွားမှာပါ" ဟု ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က ပြောသည်။

မုံရွာမြို့တွင် နေ့စဉ် လူတို့စွန့်ပစ်သည့် မီးဖိုချောင်သုံးအမှိုက် ၇၄ ရာခိုင်နှုန်း၊ ပလတ်စတစ်အမှိုက် ၁၀ ရာခိုင်နှုန်း၊ ပုလင်းခွံ၊ ဘူးခွံအမှိုက် တစ်ရာခိုင်နှုန်းနှင့် ခြံထွက်အမှိုက် ၁၅ ရာခိုင်နှုန်း ထွက်ရှိသဖြင့် ၎င်းအမှိုက်များကို နေရာသုံးခုခွဲပြီး ပို့ဆောင်စွန့်ပစ်လျက်ရှိရာ နေရာခက်ခဲခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပေါ်ခြင်းကြောင့် ခေတ်မီအမှိုက်ချေဖျက်နည်းပညာများကို အသုံးပြုရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# စွန့်ပစ်အမှိုက်များစီမံခန့်ခွဲရေး အလုပ်ရုံဆွေးနွေး

**မတ္တရာ ဇွန် ၁၀**
မတ္တရာမြို့နယ်စည်ပင်သာယာရေးကော်မတီက ပြုလုပ်သော စွန့်ပစ်အမှိုက်များစီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်တို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစန်းအောင်က စွန့်ပစ်အမှိုက်များစီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ မဟာဗျူဟာချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စီမံချက်မူကြမ်းကို ချပြရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့သော စီမံချက်မူကြမ်းကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**စိုးကျော်သူထွေး(မတ္တရာ)**



သထုံမြို့နယ် ဒေးဗရိန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် သထုံမြို့နယ်မှူး ရဲမှူးစိုးအောင်က ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောစဉ်။

**လှိုင်ထွန်းအောင်(သထုံ)**

# အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းပြုစုခြင်းနှင့် ထိန်းသိမ်းမြှင့်တင်ရေးသင်တန်းဖွင့်

**မော်လမြိုင် ဇွန် ၁၀**
အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းပြုစုခြင်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာသင်တန်း. (၁/၂၀၁၉) ကို ဇွန် ၁၀ ရက် နံနက် ၈ နာရီခွဲက ယဉ်ကျေးမှုပြတိုက် (မော်လမြိုင်)၌ ကျင်းပသည်။

မွန်ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာထိန်လင်းက ဒြပ်မဲ့ယဉ်ကျေးမှုဟုဆိုသော ဒေသတစ်ခုနှင့်တစ်ခု မတူညီတဲ့ရိုးရာအစဉ်အလာ ဓလေ့တွေကို ဘိုးဘွားအစဉ်အဆက်ကစပြီး နောင်မျိုးဆက်အထိတိုင်အောင် ရှင်သန်တည်တံ့နေစေရန်၊ ပျောက်ကွယ်လုနီးပါးဖြစ်နေပြီး ထူးခြားတဲ့ဝိသေသလက္ခဏာရှိသော ပန်းတင်ခုံနှင့် ပန်းထိုးဓလေ့ စသောဒြပ်မဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ တစ်နေရာက ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခု အခြားတစ်နေရာသို့ ရောက်သွားသည့်တိုင် ၎င်း၏မူလဇာစ်မြစ် မပျောက်ပျက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဝင်များ၊ ပညာရှင်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တနင်္သာရီတံတားသစ်တည်ဆောက်နေမှု ၆၉ ရာခိုင်နှုန်းပြီးစီး

**တနင်္သာရီ ဇွန် ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းသွားသည့် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ အဓိကအရေးပါသော တံတားများအနက် တစ်စင်းဖြစ်သည့် မြိတ်-တနင်္သာရီ ပြည်ထောင်စုလမ်းမကြီး၏ မိုင်တိုင်အမှတ် (၄၉/၄) နှင့် (၄၉/၆) အကြားရှိ တနင်္သာရီမြစ်ကိုဖြတ်၍ တနင်္သာရီမြို့အဝင် တနင်္သာရီ တံတားသစ်တစ်စင်းအား ဆောက်လုပ်လျက်ရှိရာ စီမံကိန်းလုပ်ငန်း၏ ၆၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တနင်္သာရီတံတား၏အရှည်မှာ ၁၄၄၄ ပေ (၄၄၀ မီတာ)၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ (၈ ဒသမ ၅ မီတာ)၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် လေးပေ (၁ ဒသမ ၂ မီတာ)၊ ရေလမ်းကင်းလွတ်အကျယ် ၁၆၄ ပေ (၅၀ မီတာ)၊ ရေလမ်းကင်းလွတ်အမြင့်မှာ ၃၃ ပေ (၁၀ မီတာ) ဖြစ်၍ တံတားအမျိုးအစားမှာ အောက်ခြေမှာ ဘိုးပိုင်အုတ်မြစ်၊ အာရ်စီ ကွန်ကရစ် ကိုယ်ထည် ဖြစ်ပြီး အပေါ်ထည်မှာ သံမဏိသံပေါင်ရက်မ အမျိုးအစား တို့ဖြစ်ကြသည်။

အဆိုပါတံတားတည်ဆောက်ရေးစီမံကိန်း ခန့်မှန်းတန်ဖိုးမှာ ၁၂ ဒသမ ၆ ဘီလီယံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မေလတွင် တည်ဆောက်ပြီးစီးနိုင်မည်ဖြစ်ကာ ပြည်သူအများ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတံတားဟောင်းမှာ ကုန်နှင့်ယာဉ် ၁၈ တန်ကို ခွင့်ပြုခဲ့ပြီး တစ်လမ်းမောင်းဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခြင်း၊ ယခုအခါ နယ်စပ်ကုန်သွယ်ရေး ပိုမိုထွန်းကားလာ၍ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းအသုံးပြုနိုင်ရေး အတွက် ယာဉ်တစ်စီးချင်းခံနိုင်ဝန် ၇၅ တန်ရှိ နှစ်လမ်းသွား သံပေါင်သံကူကွန်ကရစ်ကြမ်းခင်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းဖြစ်သည်။

ထို့အပြင် အဆိုပါတံတားသည် (မြန်မာ-ထိုင်း)နယ်စပ် ကုန်သွယ်ရေးအတွက် အဓိကကျသော အာဆီယံလမ်းမကြီး (AH-112) ပေါ်တွင် တည်ဆောက်ထားသဖြင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့စေမည့် တံတားတစ်စင်းဖြစ်သည်။



**နန်းသာရီ-ထိန်ဝင်း**

# စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းရှိ မိုးကောင်း၊ ရွှေလောင်း၊ ကမ်းနီ မြစ်ထိန်းတာ ပြုပြင်ပြီးစီး

**တောင်ငူ ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းရှိ မိုးကောင်း၊ ရွှေလောင်း၊ ကမ်းနီ မြစ်ထိန်းတာမှာ ယခင်နှစ်မိုးရာသီတွင် ရေကြီးရေလျှံမှုကြောင့် နေရာသုံးခု ကျိုးပေါက်သွားခဲ့သဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်ယန္တရားများအသုံးပြု၍ မိုးစပါးစိုက်ပျိုးချိန်အမီ ပြုပြင်ခဲ့ရာ ယခုအခါ အားလုံးပြီးစီးသွားပြီဖြစ်ကြောင်း ဦးစီးအရာရှိ ဦးသောင်းတင်က ပြောသည်။

"မြစ်ရေတက်လာရင် ကမ်းနီနဲ့ ရွှေလောင်းကျေးရွာအုပ်စုတွေထဲမှာ မိုးစပါးစိုက်ဧက ၄၀၀၀ လောက် နစ်မြုပ်ပျက်စီးသွားနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ အချိန်မီ နေ့ရောညပါဆောင်ရွက်ခဲ့ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



အဆိုပါကမ်းထိန်းတာသည် မြစ်ရေမြင့်တက်ခြင်းမှ ကာကွယ်ရန်နှင့် တောင်ငူမြို့သို့ အဓိကသွားရာလမ်းကြောင်းအဖြစ် အသုံးပြုလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မြန်မာ့သင်္ဘောကျင်းအနေဖြင့် သင်္ဘောပြင်ဆင်ရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ဆောင်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းအနေဖြင့် လက်ရှိသင်္ဘောတည်ဆောက်ရေးလုပ်ငန်းများထက် သင်္ဘောပြင်ဆင်ရေးလုပ်ငန်းများကိုသာ အဓိကထားလုပ်ဆောင်နေရပြီး တစ်နှစ်လျှင် ပြင်ဆင်ရေးသင်္ဘော ၁၈ စင်းနှင့်အထက်ရှိကြောင်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ သိရသည်။

"သင်္ဘောတည်ဆောက်ရေးလုပ်မယ်ဆိုရင် ကြာချိန်နဲ့ ရမယ့်အကျိုးအမြတ်နဲ့ ပြင်ဆင်ရေးကရမယ့်အကျိုးအမြတ်က ပိုပြီးများနေတာကြောင့် ဝင်ငွေပိုရှာနိုင်အောင် ပြင်ဆင်ရေးကိုပဲ ဦးစားပေး လုပ်ဆောင်နေပါတယ်။ ပုဂ္ဂလိက၊ အစိုးရပိုင်ရေယာဉ်မျိုးစုံကို ပြင်ဆင်ပေးနေပါတယ်" ဟု မြန်မာ့သင်္ဘောကျင်းလုပ်ငန်း စီမံကိန်းဌာနမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးမျိုးဇော်ထွန်းက ပြောသည်။



သင်္ဘောပြင်ဆင်ရေးအပိုင်းတွင်လည်း ရန်ကုန်မြစ် ဒီရေအတက်အကျပေါ် မူတည်ကာ လပြည့်၊ လကွယ်ရက်သတ္တနှစ်ပတ် တစ်ရေလျှင် သင်္ဘောတစ်စင်းကို အပြီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပြင်ဆင်သည့်ပမာဏ များပြားပါက သင်္ဘောတစ်စင်းလျှင်တစ်လကြာမြင့်ကြောင်း သိရသည်။

သင်္ဘောအကြီးအသေးနှင့် ပြင်ဆင်သည့် ပမာဏအနည်းအများပေါ်မူတည်ပြီး တစ်နှစ်လျှင် ပုံမှန်အားဖြင့် သင်္ဘော ၁၈ စင်းနှင့်အထက်ကိုပြင်ဆင်ပေးနိုင်လျက်ရှိကြောင်း၊ သင်္ဘောတည်ဆောက်ရေးအနေဖြင့်လည်း ယခုအခါတွင် တန်ချိန် ၃၀၀၀ ပမာဏရှိသည့် ရေယာဉ်များကို တည်ဆောက်နိုင်ကြောင်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# မြန်မာ-အိန္ဒိယ ကုန်သွယ်ရေး အထောက်အကူပြုမည့် ယာကြီး-ကလေးဝလမ်းအဆင့်မြှင့်တင်

**ကလေး ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ကြီးများနှင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအတွက် ကုန်သွယ်ရေးတွင် များစွာအထောက်အကူပြုသည့် ယာကြီး-ကလေးဝလမ်းပိုင်းကို အိန္ဒိယနိုင်ငံ၏ ကူညီထောက်ပံ့မှုဖြင့် လမ်းပိုင်းအလိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

မုံရွာ (၀/၀) မိုင် မှ ယာကြီး(၄၀/၀) အထိလမ်းပိုင်းမှာ မြေပြန့်ပိုင်းဖြစ်ပြီး ယာကြီး(၄၀/၀) မိုင်မှ လာဘို့(၅၈/၄) အထိလမ်းပိုင်းမှာ တောင်ပေါ်လမ်းပိုင်းဖြစ်ကာ လမ်းပိုင်းတစ်လျှောက် အတက်အဆင်း အမတ်စောက်ဆုံးအပိုင်းဖြစ်သည်။ မိုင် (၆၈/၀) မှ (၇၀/၀) မိုင်နှင့် (၇၈/၀) မိုင်မှ (၉၃/၀) မိုင်အထိ လမ်းပိုင်းများသည် ရွှံ့သမင်တောင်ကြောနှင့် နီးကပ်ခြင်း၊ မြေပျော့၍ တောင်ပြိုခြင်းများကြောင့် မြေသားများဖုံးအုပ်ခဲ့ပြီး ဆိုးရွားစွာပျက်စီးခဲ့မှုကြောင့် မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးများပြတ်တောက်ခဲ့မှုကို ဒေသခံတို့ နှစ်စဉ်ခံခဲ့ရသည်။

ယာကြီး-ကလေးဝလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ၂၀၁၈ ခုနှစ် မေလအတွင်း စတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး စီမံကိန်းကာလကို သုံးနှစ်ကြာလုပ်ဆောင်သွားမည်ဖြစ်ရာ ၂၀၂၁ ခုနှစ် မေလတွင် လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

ယခုအခါ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအဖြစ် Vertical Curve များ၊ Horizontal Curve များအား ဖြေလျှော့ခြင်း၊ လမ်းကွေ့ဖြောင့်ခြင်း၊ မြေဖို့ခြင်း လုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

လမ်းပိုင်းများအားလုံးပြီးစီးသွားပါက မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးတွင် များစွာတိုးတက်လာရုံသာမက ယာကြီး-ကလေးဝလမ်းပိုင်းပေါ်ရှိ ကနီမြို့နယ်အတွင်းရှိ ကျေးရွာများ၊ မင်းကင်းတောင်တွင်းချောင်ဒေသအပါအဝင် မော်လိုက်မြို့၊ ကလေးဝမြို့များပါ လမ်းပန်းဆက်သွယ်ရေး များစွာကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း(ဂန့်ဂေါ)**

# လမ်းမကြီးများ လမ်းချဲ့လုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် ဇွန် ၁၀**

လှိုင်သာယာမြို့နယ် အဓိကလမ်းမကြီးတစ်ခုဖြစ်သော ရန်ကုန်-ပုသိမ် လမ်းမကြီး လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ကွန်ကရစ်ခင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူများက ဇွန် ၉ ရက် ညနေပိုင်းက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

လှိုင်သာယာမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအေးဖိုးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ၊ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်-ပုသိမ်လမ်းမကြီး လမ်းချဲ့ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ လမ်းမကြီးပေါ်ရှိ သောင်ကြားချောင်းဖြတ်ကျော်တံတားအား တိုးချဲ့ပြီး အသစ်တည်ဆောက်ခြင်းလုပ်ငန်းများအား အချိန်မီပြီးစီးရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်များကို ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ အဆိုပါလုပ်ငန်းများအား ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် နိုင်ငံတော်ဘတ်ဂျက်ဖြင့် အချိန်မီပြီးစီးရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ ဆက်)**

# သန်လျင်၌ မူးယစ်ဆေးဝါး အသိပညာပေး ဟောပြော

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သနပွင်ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဇွန် ၉ ရက် ည ၇ နာရီက မူးယစ်အသိပညာပေးဟောပြောပွဲကျင်းပရာ သန်လျင်မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးခင်မောင်လင်းက ကျေးရွာနေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**သန်လျင် (ပြန်/ ဆက်)**

# နယ်သာလန်အား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဖလား ပေါ်တူဂီဆွတ်ခူး



ပေါ်တူဂီအသင်းနှင့် နယ်သာလန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယူအီးအက်ဖ်အေနေးရှင်းလိဂ် နောက်ဆုံးဗိုလ်လုပွဲတွင် ပေါ်တူဂီအသင်းက နယ်သာလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါပွဲစဉ်ကို ပေါ်တူဂီနိုင်ငံ ပေါ်တိုမြို့တွင် ဇွန် ၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး နယ်သာလန်အသင်း နောက်တန်းခံစစ်ကြောင်းက ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုကိုသာ အဓိကထား ထိန်းချုပ်ကစားခဲ့ခြင်းကြောင့် ပွဲကစားချိန် မိနစ် ၆၀ တွင် တောင်ပံကစားသမား ဂွန်ကာလိုဂူဒက်က ပေါ်တူဂီအသင်းအတွက် အနိုင်ဂိုး တစ်ဂိုးကို သွင်းယူပေးခဲ့ကာ ဆုဖလားကို ရယူပေးခဲ့ခြင်း ဖြစ်သည်။

ပေါ်တူဂီအသင်းသည် ၂၀၁၆ ခုနှစ်ကလည်း ယူရိုဖလားကိုရယူနိုင်ခဲ့ပြီး လက်ရှိတွင်လည်း အဓိကဖလားတစ်လုံးကို ပိုင်ဆိုင်ခွင့်ရရှိခဲ့ပြီဖြစ်သည်။

အခုပွဲစဉ်တွင် အနိုင်ဂိုးတစ်ဂိုး သွင်းယူခဲ့သည့် ဂွန်ကာလိုဂူဒက်သည် ပေါ်တူဂီအသင်း နောက်ဆုံးကစားခဲ့သည့် ရှစ်ပွဲတွင် ငါးဂိုးအထိ တိုက်ရိုက်ပတ်သက်မှုရှိခဲ့သူဖြစ်ပြီး သုံးဂိုးသွင်းကာ နှစ်ဂိုးဖန်တီးပေးခဲ့သူဖြစ်သည်။

ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲ၏ တတိယလုပွဲတွင် အင်္ဂလန်အသင်းက ဆွစ်ဇာလန်အသင်းကို ပင်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိကာ တတိယနေရာရယူနိုင်ခဲ့သည်။

**ငွေကြယ် - ရေးသားသည်**

## ဖလာမန်ဂိုသို့ ဘိုင်ယန်ကစားသမား ရာဖင်ဟာ ပြောင်းရွှေ့



နောက်တန်းကစားသမား ရာဖင်ဟာသည် လက်ရှိကလပ် ဘိုင်ယန် မြူးနစ်အသင်းမှထွက်ခွာကာ ဘရာဇီးကလပ် ဖလာမန်ဂိုအသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်းက ယနေ့တွင် အတည်ပြုပြောကြားခဲ့သည်။

အသက် ၃၃ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ရာဖင်ဟာ သည် ဘိုင်ယန်မြူးနစ်အသင်းတွင် ရှစ်နှစ်ကြာဖြတ်သန်းခဲ့ပြီးနောက် ပြီးခဲ့သည့်လက ဘိုင်ယန်မြူးနစ်အသင်းနှင့် လမ်းခွဲခဲ့ခြင်းဖြစ်သော်လည်း ရာဖင်ဟာ၏ တရားဝင်စာချုပ်သက်တမ်းမှာ ဇွန် ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်သည်။

နောက်တန်းကစားသမား ရာဖင်ဟာသည် ဥရောပဘောလုံးလောကတွင် ၁၄ နှစ်ကြာဖြတ်သန်းခဲ့ခြင်းကို အဆုံးသတ်ကာ ဖလာမန်ဂိုအသင်းသို့ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ကြောင်း ဖလာမန်ဂိုအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းက အတည်ပြုပြောကြားခဲ့သည်။

ရာဖင်ဟာသည် ၂၀၁၁ ခုနှစ်က ဂျီနိုအာအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပြီး ဂျီနိုအာအသင်းတွင် မကစားမီက ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ရှော်လ်ကေးအသင်းတွင် ငါးနှစ်ကြာကစားခဲ့သူလည်း ဖြစ်သည်။

ရာဖင်ဟာအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ရှစ်နှစ်ကြာဖြတ်သန်းခဲ့ရာတွင် ပွဲပေါင်း ၂၆၆ ပွဲပါဝင်ကစားပေးခဲ့ပြီး ဆုဖလားပေါင်း ၁၈ လုံးအထိရယူပေးနိုင်ခဲ့သူဖြစ်ကာ ရာဖင်ဟာကစားခဲ့ချိန်သည် ဘိုင်ယန်မြူးနစ်အသင်း၏ အောင်မြင်မှုအရှိဆုံးဆယ်စုနှစ်လည်း ဖြစ်ခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် နောက်တန်းကစားသမား ရာဖင် ဟာကို အသင်းပြောင်းရွှေ့ခွင့်ပြုခဲ့သည့်အပြင် ပြီးခဲ့သည့်မေလအတွင်းကလည်း တောင်ပံကစားသမားနှစ်ဦးဖြစ်သည့် ရော်ဘင်နှင့် ရီဘာရီတို့ကိုလည်း အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ကြောင်း သိရသည်။

## အနုပညာ

### နေကြာပန်းပွင့်တွေနဲ့အတူ ကိုရီးယားကို ပြန်လည်ရောက်ရှိလာတဲ့ BTS

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ တစ်ဖွဲ့ ဖြစ်တဲ့ "BTS" ရဲ့ အဖွဲ့ဝင်တွေဟာ လတ်တလောမှာ တောင်ကိုရီးယားကို ပြန်လည်ရောက်ရှိလာရာမှာတော့ နေကြာပန်းပွင့်ပုံတွေကို မျက်နှာဖုံးသဖွယ် ဝတ်ဆင်လာခဲ့တာကို တွေ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



"BTS" ဟာ " Love Yourself: Speak Yourself" နယ်လှည့် တေးဂီတဖျော်ဖြေပွဲတွေကို အမေရိကားနဲ့ ဥရောပမှာ ပြုလုပ်ခဲ့ပြီး နိုင်ငံကို ပြန်လာခဲ့ရာမှာတော့ ပရိသတ်တွေကို အံ့အားသင့်စေခဲ့တာ ဖြစ်ပါတယ်။ အဖွဲ့ဝင်သုံးဦးဖြစ်တဲ့ ဂျေဟုတ်၊ ဂျင်နဲ့ ရှူးဂါးတို့ဟာ တောင်ကိုရီးယားနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဇွန် ၁၀ ရက်က ပြန်လည်ရောက်ရှိလာခဲ့ရာမှာတော့ နေကြာပွင့်ပုံစံ ဝတ်ဆင်ထားပြီး မျက်နှာကို ဖုံးအုပ်ထားတာကြောင့် ဘယ်သူဘယ်ဝါဖြစ်ကြောင်း ပရိသတ်တွေကို ခန့်မှန်းစေခဲ့တယ်လို့လည်း သိရပါတယ်။

### ဖျော်ဖြေပွဲမှာ ကလေးတွေနဲ့အတူ ခင်ပွန်းဖြစ်သူကို ဂုဏ်ပြုခဲ့တဲ့ စလင်းဒီယွန်



ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ စလင်းဒီယွန်ဟာ လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ သူ့ရဲ့တေးဂီတဖျော်ဖြေပွဲမှာတော့ ကွယ်လွန်သွားပြီဖြစ်တဲ့ ခင်ပွန်းဖြစ်သူကို အမှတ်တရဂုဏ်ပြုပေးခဲ့ပြီး ဒီပွဲမှာတော့ သူတို့ရဲ့ရင်သွေးလေးသုံးဦးလည်း စင်မြင့်ထက်ကို တက်ရောက်ကာ ဖခင်ကို ဂုဏ်ပြုခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၅၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အော်စကာဆုရှင် တေးသံရှင် စလင်းဒီယွန်ဟာ ဇွန် ၈ ရက်က လာ့စ်ဗီးဂတ်စ်မှာ တေးဂီတဖျော်ဖြေပွဲပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့၁၁၄၁ ခုမြောက် ဖျော်ဖြေပွဲဖြစ်တဲ့ အဆိုပါပွဲမှာ ခင်ပွန်းဖြစ်သူ ရေးအန်ဂျလီနဲ့ပတ်သက်တဲ့ သူ့ရဲ့ အမှတ်တရတွေကို ပြသခဲ့ပြီး ခင်ပွန်းဖြစ်သူကို ဂုဏ်ပြုခဲ့ပါတယ်။ ဒီလို ဂုဏ်ပြုချိန်မှာတော့ စင်မြင့်ထက်မှာ စလင်းဒီယွန်နဲ့အတူ သားသုံးဦးလည်း ရှိနေတာဖြစ်တယ်လို့ သိရပါတယ်။

စလင်းဒီယွန်ရဲ့မန်နေဂျာလည်းဖြစ်တဲ့ အန်ဂျလီဟာ ၂၀၁၆ ခုနှစ်အတွင်း ကွယ်လွန်ခဲ့တာဖြစ်ပြီး ကွယ်လွန်ချိန်မှာတော့ အသက် ၇၃ နှစ်အရွယ်ရှိပြီဖြစ်တယ်လို့လည်း သိရပါတယ်။

### တစ်ကိုယ်တော်တေးသံရှင်အဖြစ် တွေ့မြင်ရတော့မယ့် စူလီ

တောင်ကိုရီးယားရဲ့တစ်ချိန်က ကျော်ကြားခဲ့တဲ့ အမျိုးသမီး ပေါ့ပ်တေးဂီတအဖွဲ့ "f(x)" ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ စူလီဟာ မကြာမီမှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် တေးသီချင်းသစ်တွေနဲ့အတူ ပရိသတ်ရှေ့အရောက် ပြန်လာမှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အက်စ်အမ်အန်တာတိန်းမန့်က စူလီရဲ့တစ်ကိုယ်တော်တေးသီချင်းသစ်ထွက်ရှိမယ့်အကြောင်းကို ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်ခဲ့တဲ့ စူလီရဲ့တစ်ကိုယ်တော်တေးသီချင်းသစ်ကိုတော့ ဇွန်လကုန်မှာ စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားကြောင်းလည်း အေဂျင်စီက တစ်ပါတည်း အသိပေးခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**




ညွန့်ဝေအောင်
ရွှေခင်းသာ
မိုးရာသီအထူးစရီးစဉ် June 14
ပြည်ဘုရားစုံ ထုံးဘို၊ အကောက်တောင်၊ သရေခေတ္တရာ၊ ပျူမြို့ဟောင်း၊ ဟသ်ာတဦးပါရဲဘုရား၊ ဓလွန်ပြည်တော်ပြန်၊ အံတော်တိုက်၊ နေမြို့ ကျိုက္ကလွန်ဖွန်း ဥမ္မာဒန္တီကမ်းခြေ။
30000
Ph: 09-420046635, 09-954783826

Asia Dragon
ချောင်းသာ 12,000/-
ငွေဆောင် 15,000/-
ကျိုက်ထီးရိုး 12,000/-
75,000/-
100,000/-
09 300 300 30 , 09 300 300 90, 09 799 100 100, 09 797 100 100

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း ဖလမ်း(ဆူရိဘုန်)လေဆိပ်သစ်တွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများနှင့် ဆက်စပ်လုပ်ငန်းများအား (မြန်မာကျပ်ငွေ)များဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | ဖလမ်းလေဆိပ် လေယာဉ်ပြေးလမ်းတွင် တပ်ဆင်မည့် Airfield Lighting ဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်း | 1 Lot |
| ၂ | Airfield Lighting Power Cable များနှင့် Communication Cable များ တပ်ဆင်ရန် လေယာဉ်ပြေးလမ်းဘေးတွင် Underground Main Cable Duct Line တည်ဆောက်ခြင်း၊ (Pipe Line တူးခြင်း၊ Pipe ချခြင်း၊ မြေဖို့ခြင်း၊ သဲဖို့ခြင်း၊ Counterpoise ချခြင်း၊ Earth Rod ရိုက်ခြင်း၊ Manhole များတည်ဆောက်ခြင်း၊ Handhole များတည်ဆောက်ခြင်း) | 1 Lot |
| ၃ | DVOR/DME (Doppler VHF Omni-directional Radio Range/ Distance Measuring Equipment) | 1 Set |
| ၄ | AWOS (Automatic Weather Observation System) | 1 Set |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၁၄-၆-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၂၇-၆-၂၀၁၉ရက်တွင် တင်ဒါအရောင်းပိတ်ပြီး ၁၂-၇-၂၀၁၉ရက် (၁၅:၀၀)နာရီအတွင်း တင်ဒါများပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁-၅၃၃၀၀၉၊ ၀၁-၅၃၃၀၃၀လိုင်းခွဲ-၅၂၁သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**




သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဆွေဟောင်း၊ မိတ်သစ် Customer များအား CB Bank လှိုင်သာယာ(အနော်ရထာလမ်း)ဘဏ်ခွဲ အသစ်ကိုဖွင့်လှစ်၍ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




**လှိုင်သာယာ(အနော်ရထာလမ်း) ဘဏ်ခွဲ**

အမှတ်(၁၃၀၀-မ)၊ (၂၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Tel : (95) **01 3645425**
Fax : (95) **01 3645426**
Email : **contact@cbbank.com.mm** /Contact Center : **(01) 2317770**

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးထွန်းရွှေ (ငါးသိုင်းချောင်းမြို့)

ဈေး၀ သံဃဒါနမ္ဗာရုံ ဥက္ကဋ္ဌ

### အသက် (၈၂) နှစ်

ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၉/တောင်ရပ်ကွက်၊ ပြွန်လမ်း၊ အမှတ်(၃၅၂)နေ (ဒေါ်ကြည်)၏ ခင်ပွန်း၊ ဦးကျော်လွင်-ဒေါ်တင်တင်ဌေးတို့၏ ဖခင်၊ မ၀တ်ရည်ကျော်(လ/ထကထိကၤသန့်လျင်နည်းပညာတက္ကသိုလ်)၊ ကိုကျော်ဥာဏ်လင်း (3rd Engineer Ocean Tanker)၊ မထူးအိသွင်(B.E-Civil)တို့၏အဘိုးသည် ၁၀-၆-၂၀၁၉ ရက် နံနက် ၇း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၉ (တနင်္ဂနွေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာဦးမြင့်သောင်း

### အသက်(၇၆)နှစ်

ဒေါက်တာဝင်းဝင်းချို(ခ)Winner ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာဦးမြင့်သောင်းသည် ၅-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(Kalaw) St.Agnes' Conoent**

**ကျောင်းသူကျောင်းသားဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဘုန်းတင် (B.E CIVIL 1978)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

### အသက်(၆၆)နှစ်

မန္တလေးမြို့ (၆၅)လမ်း၊ (၃၃×၃၄)လမ်းကြား၊ အမှတ်(D-4)၊ သီရိရိပ်သာ(၂)နေ ဒေါ်ခင်ပြုံးရည် (မန္တလေးတိုင်းဒေသကြီး၊ လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)၏ခင်ပွန်း ဦးဘုန်းတင်သည် ၈-၆-၂၀၁၉ (စနေနေ့) နံနက် ၃း၂၇ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ဦးဘုန်းတင် ကောင်းရာသုဂတိရောက်ရှိပါစေ။

**၁၉၇၂-၇၈ ရန်ကုန်စက်မှုတက္ကသိုလ်**

**ကျောင်းဆင်းသူငယ်ချင်းများ**

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)

## ဦးမြစန်း

(သက်ကြီးကန်တော့ခံ)

### အသက် (၈၃) နှစ်

မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ မဥ္ဇူသကလမ်း၊ အမှတ်(၃/၆၁)နေ ဦးမြစန်းသည် ၅-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၉ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဇော်ဝင်း (B.Sc, D.EP)

ဒု-ညွှန်ကြားရေးမှူး (ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန

### အသက် (၇၈) နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၄) ရပ်ကွက်၊ တိုက် (L-2)၊ ရွှေခတ္တာလမ်း၊ ရွှေမာလာရိပ်မွန်နေ (ဦးအေးဖေ-ဒေါ်မြစိန်)တို့၏သား၊ [ဦးကောက်-ဒေါ်အုန်းကြည်(ဘိုးဘိုးအောင်ဆေးတိုက်)]တို့၏သားသမက်၊ [ဒေါ်ခင်သူ (ခ)ဒေါ်ကျင်ဟုန်(သထုံ)]၏ချစ်လှစွာသောခင်ပွန်း၊ (ဦးအောင်ကြူး-ဒေါ်အုန်းဆင့်)၊ ဒေါ်ညွန့်ဝေ၊ ဒေါက်တာခင်လှိုင်ဝေ၊ ဦးဘဌေး-ဒေါ်ခိုင်ခိုင်ထွန်း၊ (ဦးသန်းဌေး)တို့၏ချစ်လှစွာသော အစ်ကိုကြီး ဦးဇော်ဝင်းသည် ၁၀-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၂း၄၀ နာရီတွင် ရွှေလမင်းဆေးရုံ (လမ်းမတော်)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဇော်ဝင်း (B.Sc, D.EP)

ဒု-ညွှန်ကြားရေးမှူး (ငြိမ်း)၊ စက်မှုစီမံကိန်းဦးစီးဌာန

### အသက် (၇၈) နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ (၄) ရပ်ကွက်၊ တိုက် (L-2)၊ ရွှေခတ္တာလမ်း၊ ရွှေမာလာရိပ်မွန်နေ (ဦးအေးဖေ-ဒေါ်မြစိန်)တို့၏သားကြီး၊ [ဦးကောက်-ဒေါ်အုန်းကြည်(ဘိုးဘိုးအောင်ဆေးတိုက်)]တို့၏ သားသမက်၊ [ဒေါ်ခင်သူ(ခ)ဒေါ်ကျင်ဟုန်(သထုံ)]၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်မီမီသွယ် (Pinky-ဗိုလ်ချုပ်ဈေး)၊ ဒေါ်နှင်းနှင်းအိ (GM, MYANMAR EURO PAC FORWARDING CO.,LTD.)၊ ဒေါ်ယဉ်ယဉ်နွယ် (MANAGER, MYANMAR EURO PAC FORWARDING CO., LTD.)၊ ဒေါက်တာ မြတ်မြတ်ထွေး(ခေတ်မှန် အထူးကုဆရာဝန်ကြီး၊ ဟသ်္ဂာတဆေးရုံကြီး)-ဒေါက်တာကျော်ကျော်ဆွေ(အရိုးအထူးကုဆရာဝန်ကြီး၊ ဟသ်္ဂာတဆေးရုံကြီး)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မကြည်စင်သူ၏ ချစ်လှစွာသောဘိုးဘိုးကြီး ဦးဇော်ဝင်းသည် ၁၀-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၂း၄၀ နာရီတွင် ရွှေလမင်းဆေးရုံ(လမ်းမတော်)၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

## ဦးလှိုင်ဝင်း

### အသက်(၆၇)နှစ်

အကောက်ခွန်မှူး-ငြိမ်း

ရာသက်ပန်အသင်းဝင် အမှတ်(၈၈၂) ဦးလှိုင်ဝင်းသည် ၈-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၉း၅၅ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးအေးထွန်း

မှူး/အုပ် (ငြိမ်း)၊ အမက(၂) ရန်ကင်း

### အသက် (၇၁) နှစ်

ရန်ကုန်မြို့နေ (ဦးဟန်ထွန်း-ဒေါ်ခင်တုတ်)တို့၏သားကြီး၊ ဒေါ်ခင်အုန်းဟန်၊ ဦးရန်ရှင်း-(ဒေါ်အေးအေးမာ)၊ ဦးသောင်းတန်-ဒေါ်အေးအေးမူ၊ ဦးပန်းခိုင်-ဒေါ်ခင်မာအေး၊ (ဦးတင်လွင်-ဒေါ်သန့်ဇင်မေ)၊ ဗိုလ်မှူးကြီးအောင်မြင့်-ဒေါ်နန်းမိုလင်း၊ ဦးမျိုးလှိုင်-(ဒေါ်အောင်မေညွန့်)တို့၏အစ်ကိုကြီး၊ တူ/တူမ ၁၅ ယောက်တို့၏ဘကြီးသည် ၉-၆-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၂၀ နာရီတွင် သန်လျင်မြို့ လင်းလွန်ဗောဓိကမ္မဋ္ဌာနကျောင်းတိုက်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် သန်လျင်မြို့ ဗိုလ်ချုပ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၉ (စနေနေ့) နံနက်တွင် သန်လျင်မြို့ လင်းလွန်ဗောဓိကမ္မဋ္ဌာနကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သိန်းညွန့်

### အသက် (၆၅) နှစ်

ရန်ကုန်မြို့ လှိုင်မြို့နယ်နေ (ဦးချစ်မောင်-ဒေါ်လှမြင့်)တို့၏ သမီးချွေးမ၊ (ဦးစံတင်-ဒေါ်ခင်သိန်း)တို့၏သမီး၊ လှည်းကူးမြို့နယ်၊ ကြို့ကုန်းကျေးရွာနေ ဦးကျော်မြင့်-ဒေါ်စန်းမြင့်၊ ပန်းဘဲတန်းမြို့နယ်၊ (၂၆)လမ်းနေ ဦးဇော်ဝင်း-ဒေါ်မြအေးရီတို့၏အစ်မ၊ လှိုင်သာယာမြို့နယ်နေ ဦးကြီးမြင့်-ဒေါ်လွင်လွင်အောင်၊ ဦးဇော်မိုး-ဒေါ်ကလျာနွဲ့၊ ဦးရန်နိုင်-ဒေါ်လင်းလင်းနွဲ့၊ ဦးထွန်းထွန်းလင်း-ဒေါ်သက်ထား၊ ဦးကျော်မြင့်-ဒေါ်မဥ္ဇူတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ရွှေရင်ကျော်ဆရာကြီး ဦးသန်းနွဲ့၏ဇနီး၊ မြေး ၁၂ ယောက်တို့၏ အဘွားသည် ၈-၆-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၆-၂၀၁၉ (သောကြာနေ့) နံနက်တွင် လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ နေကြာလမ်း၊ အမှတ်(၁၁၇၁)နေ ဆရာကြီးဦးသန်းနွဲ့၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမျိုးမြင့်အောင် (ခ) ဦးဗညား

**YOMA Bank**

### အသက် (၅၅) နှစ်

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက်(၅)၊ အခန်း(B-5)နေ (ဦးစိန်လှ-ဒေါ်ထွေးစိန်)တို့၏သားထွေး၊ တိုက်ကြီးမြို့နေ ဦးအောင်စိုး-(ဒေါ်ထွေးချို)တို့၏သားသမက်၊ ဒေါ်ထားထားဝင်း(Mascots Health Care Co.,Ltd)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်မောင်မြင့်-ဒေါ်မြင့်မြင့်)၊ (ဒေါ်သန်းသန်း)၊ ဦးခင်မောင်ကြီး-ဒေါ်အေမီအောင်၊ ဦးခင်မောင်လေး-ဒေါ်တင်တင်လှ၊ ဦးခင်မောင်စန်း-ဒေါ်သိန်းသိန်းရီ၊ ဦးသိန်းတန်(ခ) ဦးဖိုးပါ-ဒေါ်စန်းစန်းတို့၏ မောင်ငယ်၊ မောင်ဝဏ္ဏအောင်၊ မစံညွန့်းဆင့်တို့၏ချစ်လှစွာသောဖခင်သည် ၁၀-၆-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကျိုက်အအေးတိုက်မှကျိုက်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်ဌေး

အရာခံဗိုလ် (ငြိမ်း)၊ (COD-အင်းတိုင်)

### အသက် (၈၇) နှစ်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နေ (ဦးပု-ဒေါ်ဖွား)တို့၏သား၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်း(၂)လမ်း၊ အမှတ်(၂၂)နေ ဒေါ်ခင်ကြည် (ဒု-ဆောက်လုပ်ရေး၊ ငြိမ်း)၏ ခင်ပွန်းသည် ၉-၆-၂၀၁၉ ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၉ ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ကျော့ရီ

### အသက်(၇၄)နှစ်

လပွတ္တာမြို့ အောင်ချမ်းသာသစ်စက်နေ (ဦးပါ-ဒေါ်သန်း)တို့၏ သမီး၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)၊ ချယ်ရီလွင်လမ်းသွယ်(၂)၊ အိမ်တော်လမ်း၊ အမှတ်(၈)နေ (ဦးခင်ကျော်)-ဒေါ်အေးအေးခိုင်၊ ဦးချိုထွန်း၊ ဦးမောင်မောင်လွင်-ဒေါ်ဖြူဖြူခိုင်၊ ဒေါ်မာလာခိုင်၊ ဦးမြတ်သူရခိုင်-ဒေါ်ရွှေဇင်ခိုင်၊ (ဦးလွင်မျိုးခိုင်)၊ ဦးရန်အောင်-ဒေါ်ကျော့ကေခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၇-၆-၂၀၁၉ (သောကြာနေ့) ည ၁၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ဝဲ (ခ) ဒေါ်ညိုညိုခင်

### အသက်(၇၈)နှစ်

ရန်ကုန်မြို့ လသာမြို့နယ်၊ အမှတ် (၇၀)၊ ဗိုလ်ရွဲလမ်းနေ (ဦးအေး-ဒေါ်အုန်းမှင်)တို့၏ သမီးကြီး၊ (ဦးတန်ကက်ချိုင်-လီစောလွမ်-လင်ဘိဟာ-ဒေါ်ရှန်ဟိ)တို့၏ သမီးချွေးမ၊ (ဦးတန်ကျန်ရှောင်(ခ) ဦးကောက်)၏ ဇနီး၊ ကိုဟန်စိန်၊ မသန်းသန်းဌေး၊ မသန်းသန်းအေး၊ မသန်းသန်းဝင်း-ကိုအောင်ကျော်ထွန်းတို့၏ မိခင်၊ မလင်းလင်းနိုင်ထက်၊ မောင်လင်းနိုင်၊ မဆုယမင်းသူ၊ မောင်ထက်အောင်မင်းတို့၏အဘွား ဒေါ်ဝဲ(ခ)ဒေါ်ညိုညိုခင်သည် ၉-၆-၂၀၁၉ ရက် နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ပိုးကြိုး (ခ) ဒေါ်ရင်

### အသက် (၆၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၄၀၃)နေ (ဦးမောင်ဟုတ်-ဒေါ်ကြူဟုန်)တို့၏ ဒုတိယသမီး၊ (ဦးချောက်ဝါ-ဒေါ်ကျင်)တို့၏ သမီးချွေးမ၊ ဦးစန်းနိုင်၏ဇနီး၊ မောင်နိုင်ဝင်း-မအိအိဖြိုး၊ မခင်ခင်ဝင်း၊ မအေးအေးမွန်တို့၏မိခင်၊ မောင်ထက်ရှိုင်း၏အဘွားသည် ၁၀-၆-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံသစ်ကြီး(ဂျပန်ဆေးရုံ)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အနိစ္စ

## အရာခံဗိုလ် ငွေသိန်း (ငြိမ်း)

စလ-၁၆၅၄၂

စက်မှုလက်မှုတပ် (တပ်မတော်-လေ)

### အသက် (၆၆) နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ဘီလူးကျွန်း ချောင်းဆုံနေ (ဦးအောင်ကြည်-ဒေါ်မြသွင်)တို့၏ သား၊ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ်(၁၁၈၅)နေ ဒေါ်မြင့်မြင့်ထွေး၏ခင်ပွန်း၊ ဦးတက်နေထွန်း၊ ဦးတက်နေဝင်း၊ ဦးထူးထူး-ဒေါ်ခင်ပြည့်ဝင်း၊ ဦးအောင်စည်ဟိန်း၊ မစုမြတ်နှင်း(အလက-၄၊ မင်္ဂလာဒုံ)တို့၏ချစ်လှစွာသောဖခင်၊ မမျိုးဟေသာခင်၏ အဘိုးသည် ၁၀-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ပိုးကြိုး (ခ) ဒေါ်ရင်

### အသက် (၆၄) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ် (၄၀၃)နေ (ဦးမောင်ဟုတ်-ဒေါ်ကြူဟုန်)တို့၏ ဒုတိယသမီး၊ (ဦးချောက်ဝါ-ဒေါ်ကျင်)တို့၏သမီးချွေးမ၊ ဦးစန်းနိုင်၏ဇနီး၊ မောင်နိုင်ဝင်း-မအိအိဖြိုး၊ မခင်ခင်ဝင်း၊ မအေးအေးမွန်တို့၏မိခင်၊ မောင်ထက်ရှိုင်း၏ အဘွား၊ ဦးကာရန်-ဒေါ်ခင်လှမြင့်၊ ဦးကာဝုက်-ဒေါ်ခင်မြင့်အေး၊ ဦးလှစိန်-ဒေါ်လှမွှေး၊ ဦးစန်လွင်-ဒေါ်ပိုးတင်တို့၏ညီမ၊ ဦးလှုံစိန်-ဒေါ်ခင်ဖုန်၊ ဦးလှမောင်-ဒေါ်ရီရီမြင့်၊ ဦးလှဝင်း-ဒေါ်ဌေးဌေးရီ၊ ဦးလှဌေး-ဒေါ်ယဉ်ယဉ်ဆန်းတို့၏အစ်မ ဒေါ်ပိုးကြိုး(ခ) ဒေါ်ရင်သည် ၁၀-၆-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ဂျပန်ဆေးရုံသစ်ကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမောင်နှမတစ်စု

## ဦးမျိုးတင့်

### အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းထွန်း-ဒေါ်ရွှေလန်း)တို့၏ သား၊ (ဦးစိန်မြင့်)-ဒေါ်ယုံကြည်တို့၏ သားသမက်၊ ဦးမောင်အေး-ဒေါ်ခင်မျိုးလှ၊ (ဦးကျင်းတိတ်-ဒေါ်ခင်မျိုးမြ)၊ ဦးမျိုးရွှေ-ဒေါ်ခင်ခင်အေး၊ (ဦးသန်းလှ)-ဒေါ်ခင်မျိုးညွန့်၊ (ဦးမျိုးအောင်)-ဒေါ်တင်တင်လှ၊ ဦးထွန်းလှိုင်-ဒေါ်ခင်မျိုးမြင့်၊ ဦးပြည်ကြိုင်-ဒေါ်ခင်မျိုးကြည်တို့၏ ညီ/မောင်၊ ဦးမျိုးဌေး-ဒေါ်ခင်ခင်ဌေး၊ ဦးမျိုးငွေ-ဒေါ်ခင်အေးစိုး၊ ဦးမျိုးထွန်း-ဒေါ်ဌေးဌေးရီတို့၏ အစ်ကို၊ ဒေါ်ထွေးကြည်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်နိုင်ထွန်းဦး (Final Part II, UM1)၊ မသိင်္ဂီလင်း [Final Year (Psyphology)]တို့၏ ကျေးဇူးရှင်ဖခင် သည် ၉-၆-၂၀၁၉ ရက် နံနက် ၃း၂၆ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေး အအေးတိုက် (၁/က)မှ ရေဝေး ဖူးကျန့်တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၆၇၄)၊ မဟာဗန္ဓုလလမ်း၊ လမ်း (၂၀) ထိပ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ပညာနန္ဒီ(ခ)ဒေါ်တင်အေး

### အသက်(၈၂)နှစ်

(နေပြည်တော်မြို့ နန်းတော်ကုန်း)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ အမှတ်(၃)၊ အောင်ချမ်းသာ(၂)လမ်း၊ ဒုတိယထပ်နေ (ဦးဘငြိမ်း-ဒေါ်မြမြ)၏ သမီး၊ (ဦးစိုးမြင့်)၏ ဇနီး၊ ဒေါ်မြစန်း၏ အစ်မ၊ ဦးချစ်ညွန့်-ဒေါ်ခင်မြိုင်၊ ဒေါ်သီတာစိုး၊ ဦးအောင်မင်းစိုး-ဒေါ်စိုးမိုးကျော်၊ (ဦးအောင်ဝင်းစိုး)-ဒေါ်ဝေဝေမိုးတို့၏ မိခင်၊ မစန္ဒာစိုး၊ မသရဖူစိုးတို့၏ ဘွားဘွား ဒေါ်ပညာနန္ဒီ(ခ)ဒေါ်တင်အေးသည် ၁၀-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်အမာယဉ်

### အသက်(၇၇)နှစ်

[ဒေါ်အမာယဉ်-စတီးလုပ်ငန်း၊ ဒေါ်အမာယဉ်-အဆင့်မြင့်ဘော်ဒါဆောင်]

ဒိုက်ဦးမြို့နယ်၊ သုံးခကျေးရွာနေ (ဦးချစ်-ဒေါ်အေးမှိ)တို့၏ သမီး၊ ဝေါမြို့ ထိန်တပင်ရွာသစ်နေ (ဦးကြီးစိန်-ဒေါ်မြရင်)တို့၏ သမီးချွေးမ၊ ဒိုက်ဦးမြို့နယ်၊ သုံးခွကျေးရွာနေ (ဦးကြီးစိန်-ဒေါ်မြသီ)၊ (ဦးတင်ညွန့်)-ဒေါ်အမာကြည်၊ (ဦးကျင်မောင်)-ဒေါ်အမာတင်၊ (ဦးလှရွှေ-ဒေါ်ကျင်လှ)တို့၏ ညီမ၊ ဦးကဲရယ်(ခေတ္တ-ကိုရီးယား)-ဒေါ်မာမာထွန်း၊ ဦးသမိန်ထွန်း(ဒေါ်အမာယဉ်-အဆင့်မြင့်ဘော်ဒါဆောင်နှင့် စတီးလုပ်ငန်း)-ဒေါ်ခင်သောင်းဒန်၊ ဦးတင်ကိုကို-ဒေါ်ဥမ္မာထွန်း (ဒု/ညွှန်မှူး၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့)၊ ဒေါ်နီလာထွန်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးလှထွန်း၏ဇနီး၊ မောင်ဇော်ဇော်အောင်-မမိုးသီရိမောင်၊ မဆုသီရိစံ၊ မဆုချမ်းမြေ့ပိုင်၊ မောင်ရဲမြတ်သီဟ၊ မစောလှရတနာ၊ မဇေကရီမိုးတို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၀-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၂း၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့ ကလျာဏီရပ်ကွက်၊ ရွှေဂူလေးလမ်းမတန်း၊ အမှတ်(၇၁၂)နေ ဦးတင်ကိုကို-ဒေါ်ဥမ္မာထွန်းတို့၏နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အေးကြည်

### အသက်(၇၇)နှစ်

ရန်ကုန်မြို့ အမှတ်(၈၆)၊ လမ်း(၅၀)နေ (ဦးလှ-ဒေါ်ကြင်လှ)တို့၏ သမီး၊ ဦးအောင်လှိုင်၏ ဇနီး၊ ဦးရွှေညွန့်-ဒေါ်ခင်ခင်အေး၊ ဦးသိန်းမောင်-ဒေါ်ခင်ခင်၊ ဦးငြိမ်းမောင် (ခေတ္တ-တရုတ်)၊ (ဦးစိန်တင်)တို့၏ ညီမ၊ (ဦးခင်စိုး)၊ ဦးဝင်းအောင်-ဒေါ်ခင်ခင်လှိုင်တို့၏ မွေးသမိခင်၊ မောင်နေဝင်းလှိုင်၏အဘွား ဒေါ်အေးကြည်သည် ၉-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားလအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်တင်စိန် (နတ်မောက်)

### အသက်(၇၇)နှစ်

အငြိမ်းစားကျောင်းဆရာမ

အစိုးရအလယ်တန်းကျောင်း/အောင်ဆန်းရပ်

နတ်မောက်မြို့

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ အောင်ဆန်းရပ်နေ ဦးစံသိန်း-ဒေါ်ဒေါင်းတို့၏ သမီး၊ ဒေါ်ကျင်လေး၊ မမြတ်နွယ်၊ ကိုမြတ်ထင်၊ ကိုမြတ်လွင်၊ မစန်းမြင့်တို့၏ အစ်မကြီးသည် ၈-၆-၂၀၁၉ ရက် ည ၉ နာရီ၌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်လေး

### အသက်(၅၈)နှစ်

(အကြီးတန်းစာရေး၊ ဗိုလ်တထောင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)

ရန်ကုန်မြို့ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈-K) ရပ်ကွက်၊ နတ်မောက်(၄)လမ်း၊ အမှတ်(၁၇)နေ (ဦးထွန်းမောင်-ဒေါ်စိန်စိန်) တို့၏ သမီး၊ (ဦးတင်မောင်ဝင်း)-ဒေါ်ဘေဘီစန်း၊ ဦးခင်မောင်ဇော်-ဒေါ်ရင်ကြူ၊ ဦးခင်မောင်မော်-ဒေါ်ဆွေဆွေဦး၊ ဦးခင်မောင်ချစ်-ဒေါ်တင်တင်ယု၊ ဒေါ်ခင်ခင်အေး၊ ဦးခင်မောင်စစ်-ဒေါ်နန်းသီတာစန်းတို့၏ ညီမ၊ ဦးညီညီဦး၏ ဇနီး၊ မဆုရတနာမြင့် ၏ မွေးသမိခင်ကျေးဇူးရှင် သည် ၁၀-၆-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်

(လဝကမှူး-ငြိမ်း) (လဝက-၅၃၆၉)

(တာဝန်ခံ၊ ရွှေပေါက်ပေါက် သတ္တုတူးဖော်ရေး၊ ကလေးဝ)

### အသက်(၅၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ မင်းကင်းမြို့နယ်၊ ကြာပင်ရွာနေ (ဦးတင်အောင်-ဒေါ်လှကြည်)တို့၏ သား၊ (ဦးကျော်စိန်)-ဒေါ်တင်သန်းတို့၏ သားသမက်၊ ဒေါ်ချိုလေး၏ ခင်ပွန်း၊ မမြတ်သီရိဝင်း၊ မနန္ဒာဝင်းတို့၏ ဖခင် ဦးဝင်းမောင်သည် ၉-၆-၂၀၁၉ ရက် ည ၇ နာရီတွင် ကလေးမြို့ ညောင်ပင်သာရပ်ကွက်၊ ဘုရားသုံးဆူလမ်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ကလေးမြို့ပြင်သာသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေများအားအသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ကြေးမုံ

ဇွန် ၁၁၊ ၂၀၁၉

# မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ တက္ကသိုလ်ဝင်တန်းအမှတ်စာရင်းများ ထုတ်ပေးနေပြီဖြစ်



ကောင်တာများတွင် အမှတ်စာရင်းထုတ်ယူနေကြစဉ်။

**ရန်ကုန်  ဇွန်  ၁၀**

ရန်ကုန်မြို့ ပါရမီလမ်းနှင့် လှိုင်တက္ကသိုလ်နယ်မြေဝင်းဂိတ်(၁) ဝင်ပေါက်အနီးရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနရုံးသစ်နေရာ၌ ယနေ့နံနက်ပိုင်းမှ စတင်၍ တက္ကသိုလ်ဝင်တန်းအမှတ်စာရင်းများကို ထုတ်ပေးနေပြီဖြစ်သည်။

**သောင်းနဲ့ချီ များပြား**

"ကျွန်တော်တို့ စာစစ်ဦးစီးဌာနကဝန်ထမ်းတွေကို နံနက် ၇ နာရီကတည်းက ထုတ်ပေးနိုင်အောင်လို့ စောစောလာခိုင်းထားပါတယ်။ အောင်ပြီးခါစဆိုတော့ အမှတ်စာရင်းကို ထုတ်ချင်၊ သိချင်တဲ့ အချိန်ကာလလည်းဖြစ်ကြတော့ ဒီရက်တွေမှာ လာထုတ်တဲ့သူက အလွန်များပြားပါတယ်။ ဒီနေ့စထုတ်တဲ့ရက်မှာပဲ လူကသောင်းနဲ့ချီ များပြားနေပါတယ်။ နောက်ထပ်ရက်သတ္တနှစ်ပတ်လောက်ကတော့ တစ်ရက်တစ်ရက်ကို လူဦးရေကထောင်ဂဏန်း၊ သောင်းဂဏန်းအထိ များနေဦးမှာပါ။ ကျွန်တော်တို့ စာစစ်ဦးစီးဌာနက အမှတ်စာရင်းထုတ်ယူသူကုန်တဲ့အထိ ထုတ်ပေးသွားဖို့ ရှိပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးမြင့်ကျော်က ပြောသည်။

**တန်းစီစနစ်ဖြင့် လျှောက်ထားကြရမည်**

အမှတ်စာရင်း လာရောက်ထုတ်ယူသူများအနေဖြင့် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန လျှောက်လွှာအရောင်းကောင်တာများ၌ လျှောက်လွှာတစ်စောင်လျှင် ငွေကျပ် ၄၀၀ ထက်မပိုသောငွေဖြင့် ဝယ်ယူနိုင်ပြီး တံဆိပ်ခေါင်းနှင့် လျှောက်လွှာထုတ်ယူကာ အမှတ်စာရင်းတောင်းခံသူအမည်၊ စာစစ်ဌာနခုံအမှတ်၊ အဖအမည်နှင့်ဖြေဆိုသည့်ခုနှစ် ထည့်သွင်းရေးသား၍ တံဆိပ်ခေါင်းကပ်ကာ အမှတ်စာရင်းထုတ်ပေးသော ကောင်တာများတွင် တန်းစီစနစ်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့ »»**



အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ပထမဆုံးဗိုလ်စွဲခဲ့သည့် အား/ကာသိပ္ပံအသင်း။

## အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း ချန်ပီယံဆု ပထမဆုံးအကြိမ် ဆွတ်ခူး

**ရန်ကုန်  ဇွန်  ၁၀**

၂၀၁၈-၂၀၁၉ ရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၄) ၏ နောက်ဆုံးပွဲကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ မြဝတီအသင်းသည် နောက်ဆုံးပွဲတွင် သရေသာကစားနိုင်သောကြောင့် အား/ကာသိပ္ပံအသင်းက ချန်ပီယံဆုကို ပထမဆုံးရယူနိုင်ခဲ့သည်။

မြဝတီအသင်းသည် နောက်ဆုံးပွဲအဖြစ် သစ္စာအားမာန်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးမရှိသရေကျခဲ့သည်။

**သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရ**

မြဝတီအသင်းသည် အား/ကာသိပ္ပံကို ရှုံးနိမ့်ကတည်းက ချန်ပီယံဆုကာကွယ်နိုင်ရန် အခွင့်အရေးနည်းသွားပြီး ယခုပွဲတွင်လည်း ဂိုးပြတ်အနိုင်ရမှ ဗိုလ်စွဲနိုင်မည်ဖြစ်ရာ ကြိုးစားသော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❃**

## ဆီးဂိမ်းတွင် ရွှေတံဆိပ်ရရှိသည့် ပြေးခုန်ပစ်ကစားသမားများအား တိုက်ခန်းတစ်ခန်းနှင့် ကားတစ်စီးချီးမြှင့်သွားမည်

**ရန်ကုန်  ဇွန်  ၁၀**

ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူပေးနိုင်မည့် ပြေးခုန်ပစ်အားကစားသမားများအား တိုက်ခန်းတစ်ခန်းနှင့် ကားတစ်စီးချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ သိရသည်။

**ဘဝရပ်တည်ရေးခိုင်မာ**

"ကစားသမားတွေအနေနဲ့ ထိုက်တန်တဲ့ဆုကြေးငွေရရှိမှသာ ဘဝရပ်တည်ရေးခိုင်မာလာနိုင်မှာဖြစ်ပါတယ်။ မျိုးဆက်သစ်ကစားသမားများလည်း ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ရွှေရဖို့ကတကယ်မလွယ်တဲ့ကစားနည်းပါ။ မလွယ်လို့လည်း ပေးတာမဟုတ်ပါဘူး။ အားကစားလောကက အခြားအားကစားနည်းတွေအားကျလာအောင်၊ သူတို့ရဲ့ဘဝပြောင်းလဲသွားအောင် အဖွဲ့ချုပ်ဥက္ကဋ္ဌက တိုက်ခန်းတစ်ခန်း၊ ဒုတိယဥက္ကဋ္ဌက ကားတစ်စီးချီးမြှင့်သွားမှာ ဖြစ်ပါတယ်" ဟု အတွင်းရေးမှူး ဦးကျော်ထူးအောင်က ပြောသည်။

**ကစားသမား ၉၀ ကျော် ရွေးထား**

"ပြေးခုန်ပစ်အဖွဲ့ချုပ်အသစ် တာဝန်ယူတာ ခြောက်လရှိပြီ။ ဆီးဂိမ်းလေ့ကျင့်ရတဲ့အချိန်က နည်းသေးတယ်။ အခုနေပြည်တော်မှာ လူရွေးပွဲလုပ်နေတယ်။ စခန်းသွင်းထားတာ ကစားသမား ၉၀ ကျော် ရွေးထားတယ်။ ဆန်ခါတင်လူရွေးပွဲမှာ အရင်နှစ်အရှေ့တောင်အာရှစံချိန်ပေါ်မှာ မူတည်ပြီး ရွေးမယ်။ ၁၊ ၂၊ ၃ ရတဲ့သူက နိုင်ငံတော်စရိတ်နဲ့ပါ။ ၄၊ ၅၊ ၆ ရတဲ့သူက အဖွဲ့ချုပ်စရိတ်နဲ့ပါ။ အတန်းမဝင်ဘူး။ အလားအလာရှိတဲ့ကစားသမားကို အား/ကာ ဦးစီးဌာနနဲ့ညှိနှိုင်းပြီး စခန်းသွင်းသွားမှာ ဖြစ်တယ်။ ဒါကြောင့် အပိုင်းသုံးပိုင်းခွဲထားတာ ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ☆**

ကြေးမုံ ယနေ့ ဖတ်စရာ

**နယ်သာလန်အား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ယူအီးအက်ဖ်အေနေးရှင်းလိဂ်ဖလား ပေါ်တူဂီဆွတ်ခူး**

စာမျက်နှာ » ၂၀

